


အသုံးဝင်တဲ့ အချက်အလက်များ နဲ့ အသုံးချစရာ တန်ဆာပလာ အများကြီး ပါဝင်ပါတယ်။

# ငွေကို ပညာသားပါပါ စီမံခန့်ခွဲမှု

## အခြေခံ ငွေကြေး အသိပညာပေးစာစောင်

# မာတိကာ


၁။ ချေးငွေရဖို့ ဘာလို့ပိုက်ဆံ ကုန်ကျရသလဲ။ . . . . . . . . . . . . . . . . . . . . . . . . . . . . . . .၄

၂။ ဘဏ်၊ သမဝါယမအသင်း၊ အသေးစားငွေချေးလုပ်ငန်းတွေက ဘယ်လိုဝန်ဆောင်မှုမျိုးတွေ ပေးနေပါသလဲ။. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .၉

၃။ ငွေကြေးစီမံခန့်ခွဲမှု နှင့် ငွေပေါ်လွယ်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .၁၂

၄။ ကိုယ့်အတွက် သင့်တော်တဲ့ချေးငွေရရှိအောင် ဘယ်လိုလုပ်မလဲ။ . . . . . . . . . . . . . . . . .၁၆

၅။ စုဆောင်းခြင်း နှင့် လုံခြုံစိတ်ချရခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .၂၅

၆။ ငွေကြေးဝန်ဆောင်မှုပေးနေတဲ့သူတွေကို ဘယ်လိုရွေးချယ်မလဲ။. . . . . . . . . . . . . . . . . . .၂၉


# ဒီစာအုပ်ကို ဘယ်လိုသုံးရမလဲ။


ဘာကြောင့် အသုံးဝင်ပြီး သိဖို့လိုသလဲ ဆိုတာ ရှင်းပြခြင်း


နည်းပညာဝေါဟာရတွေကို ရှင်းပြခြင်း


ငွေကြေးဆိုင်ရာဝန်ဆောင်မှုတွေကို ရွေးချယ်ချိန်၊ ဆုံးဖြတ်ချက်ချချိန်တွေမှာ စစ်ဆေးကြည့်သင့်တဲ့ အရေးကြီးဆုံးအချက်တွေကို ထင်သာမြင်သာဖြစ်အောင် အတိုချုပ်ခြင်း


ကိုယ်နှင့် သင့်တော်မည့် အကြောင်းအရာများ နှင့် သတင်းအချက်အလက်များကို လမ်းညွှန်ပေးထားခြင်း

ဒီစာအုပ်ထဲမှာ လေ့လာခဲ့တဲ့အကြောင်းအရာတွေကို ပြန်အသုံးချချင်တယ်ဆိုရင် ဒီစာအုပ်နောက်ကျောဘက်မှာပါတဲ့ ပုံစံစာရွက်တွေမှာ အသစ်လေ့လာခဲ့ရတာတွေနဲ့ ပတ်သက်ပြီး လေ့ကျင့်လို့ရပါတယ်။ ကိုယ်လေ့လာခဲ့ရတဲ့ အကြောင်းအရာတွေ နဲ့ ပတ်သက်ပြီး အသုံးပြုနည်းတွေကို အစမ်းလေ့ကျင့်ကြည့်ချင်တယ်ဆိုရင် ဒီစာအုပ်နောက်ကျောမှာ ပုံစံစာရွက်ကို တွေ့နိုင်ပါတယ်။  ရှင်းပြထားတဲ့ အကြောင်းအရာတွေနဲ့ ပတ်သက်ပြီး ထပ်သိချင်တယ်ဆိုရင် စာအုပ်နောက်ပိုင်းမှာ ဇာတ်လမ်းတွေနဲ့ အချက်အလက်တွေကို ထပ်ထည့်ပေးထားတယ်။

## အမှာစာ

မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဝန်ဆောင်မှုများအား ဘဏ်များ၊ အသေးစားငွေကြေးအဖွဲ့များ၊ သမဝါယမ အသင်းများနှင့် အခြားသော ဝန်ဆောင်မှုများမှ တဆင့်ပိုမိုတိုးတက်၍ လက်လှမ်းမီနေကြပြီ ဖြစ်ပါသည်။ သို့သော် အချို့နေရာများတွင် ၎င်းဝန်ဆောင်မှုများကြောင်း သိရှိမှုအားနည်းနေကြဆဲဖြစ်ကြောင်း သိရပါသည်။ ၎င်းအပြင် ငွေကြေးဝန်ဆောင်မှုများ အကြောင်းနှင့် မိသားစုများအတွင်း၌ ဝင်ငွေ၊ ထွက်ငွေ စီမံခန့်ခွဲမှု အခြေခံအကြောင်း သိရှိလိုကြောင်း အထူးသဖြင့် ကျေးလက်နေလူထုအကြား တောင်းဆိုမှုများ ရှိနေကြောင်းသိရှိပါသည်။ အခြားအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များကလည်း ငွေရေးကြေးရေးနှင့် ပတ်သက်သော အသိပညာမျှဝေရေး လုပ်ငန်းများ ဆောင်ရွက်လျှက် ရှိနေကြပါသည်။ မိမိတို့အနေဖြင့်လည်း တတတ်တအားအဖြစ် ပြည်သူလူထုအတွင်း ငွေကြေးဆိုင်ရာ အခြေခံအဘောတရားများကို ပိုမိုသိရှိနားလည်လာပြီး ငွေရေးကြေးရေးဝန်ဆောင်မှုများအား ပိုမိုလက်လှမ်းမီလာစေရန် ရည်ရွယ်၍ ဤစာအုပ်အား ထုတ်ဝေခြင်းဖြစ်ပါသသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ပိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိပါသည်။


## ကျေးဇူးတင်လွှာ နှင့် အသိပေးကြေညာချက်


ဤစာအုပ်ကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရများနှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့မှ အလှူငွေများထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Trust Fund - LIFT) ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ထားပါသည်။ မြန်မာနိုင်ငံ၏ ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော အလှူရှင်များကို ကျေးဇူးတင်ရှိပါသည်။ ဤစာအုပ်တွင် ရေးသားဖော်ပြထားသော အမြင်များသည် LIFT အလှူရှင်တို့၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။

## ၁။ ချေးငွေရဖို့ ဘာလို့ ပိုက်ဆံ ကုန်ကျရသလဲ။

ငွေရေးကြေးရေးနဲ့ပတ်သက်လို့ အဖွဲ့အစည်းတွေအများကြီး ရှိပါတယ်။ အဲဒါတွေထဲကမှ မြန်မာပြည်အနေနဲ့ အခုအချိန်မှာ အသင့်တော်ဆုံးက တရားဝင် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေဖြစ်တဲ့ ဘဏ်၊ သမဝါယမအသင်း (ဒါမှမဟုတ်) အသေးစားငွေချေးဝန်ဆောင်မှု အဖွဲ့အစည်းတွေပါ။ ငွေကြေးဆိုင်ရာအဖွဲ့အစည်း အများစုရဲ့သဘောသဘာဝအရ လက်တစ်လော အသုံးမလိုလို့ အပ်ထားတဲ့လူတွေရဲ့အပ်နှံထားတဲ့ ငွေတွေကို (**အပ်နှံငွေ**)အဖြစ်လက်ခံပြီး လောလောဆယ် အသုံးလိုနေသူတွေကို (**ချေးငွေ**)အဖြစ် ထုတ်ချေးပေးမယ်။ ရည်ရွယ်ချက်ကတော့ အကျိုးရှိဖို့ပေါ့။ အောက်မှာပါတဲ့ ဇာတ်လမ်းလေးအတိုင်းပါပဲ။




အခုဆိုင်မှာ လာစားတဲ့ လူတွေများတော့ ဆိုင်ခွဲထပ်မဖွင့်ဘူးလား
နောက်ထပ်ဆိုင်ခွဲတစ်ခု ဖွင့်ဖို့ လိုအပ်တဲ့ ခုံတွေကအစ ပစ္စည်းတွေ ဝယ်ဖို့ ပိုက်ဆံတွေ စုတော့ စုထားတာပဲ ဒါပေမယ့်
ဒီဖက်မှာ နောက်တစ်ပွဲ ပေးပါဦး..
မလှလှဦးရဲ့
နန်းကြီးသုပ်
ရှမ်းခေါက်ဆွဲ
ဆိုင်ခန်းနေရာ ငှားဖို့ တစ်နှစ်စာ စာချုပ်အတွက် ငွေမရှိသေးလို့ ဘဏ်မှာ ချေးငွေ သွားလျှောက်မလားလို့ စဉ်းစားနေတာ...
ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ
မ လှလှလည်း ဘဏ်ကို လာတာလား
အခု ဆိုင်ခွဲထပ်ဖွင့်မလို့ ဒီနေ့ ဘဏ်မှာ ချေးငွေ လာယူတာ
ဘဏ်ချေးငွေယူတာ ခက်မယ်ထင်ထားတာ ကျွန်မ ထင်ထားတာထက် ပိုပြီးလွယ်ကူတယ်။ ဘဏ်မှာချေးငွေ သွားလျှောက်တော့ သူတို့က..
ကျွန်မရဲ့ ဆိုင်ကိုလာပြီး ဆိုင်ရဲ့မှတ်ပုံတင် လိုင်စင် ရှိမရှိမေးတယ် နောက်ပြီး ဆိုင်မှတ်တမ်းတွေတောင်းတယ်။ ချေးငွေအတွက် အပေါင်ပစ္စည်းက အာမခံ ရှိမရှိမေးတယ်။
စာရွက်တွေ အားလုံး အဆင်ပြေပါတယ်
အဲဒါတွေပြီးတော့ ကျွန်မနဲ့ ဒေါ်ကြည်ပြာက လက်မှတ်ထိုးပြီး တစ်ပတ်အတွင်း ချေးငွေရတာပဲ..
ကျွန်မလည်း လက်မှတ် ထိုးရမှာလား
ဒါနဲ့ ကျွန်မရဲ့ ဆိုင်ခွဲ ဖွင့်ပွဲကျရင် ကိုဇော်တို့မိသားစုတွေ လာခဲ့ကြဦးနော်..
မလှလှရဲ့ လက်ရာကို ကြိုက်ပြီးသားဆိုတော့ မဖိတ်လည်း လာစားကြမှာပါဗျာ



အခြေခံအားဖြင့် ဘဏ်၊ သမဝါယမအသင်း (ဒါမှမဟုတ်) အသေးစားငွေချေးတဲ့ အဖွဲ့ အစည်းတွေဟာ အပ်နှံထားတဲ့ သူတွေရဲ့ ငွေတွေကို လက်ခံပြီး အဲဒီကမှ ငွေချေးဖို့ စိတ်ဝင်စားတဲ့လူတွေကို ထုတ်ချေးပေးပါတယ်။ ငွေအပ်နှံသူတွေရတဲ့အကျိုးရလဒ်ကတော့ ဒီလိုပိုက်ဆံတွေကို စုပြီး ပိုက်ဆံရနိုင်ပါသေးတယ်။ အဲဒီလို ရလာတဲ့ပိုက်ဆံကို **အတိုး**လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့ အပ်နှံထားသူတွေရဲ့ ငွေတွေကို သုံးခွင့်ရအောင် ပိုက်ဆံပေးရလို့ပါ။

အဲဒီအပြင် အဖွဲ့ အစည်းက **ငွေချေးတဲ့လူ**တွေဆီကနေလည်း အတိုးအနေနဲ့ ပိုက်ဆံကောက်ပါတယ်။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေကနေ ငွေအပ်နှံတဲ့လူတိုင်းကို အတိုးပေးနိုင်ဖို့၊ လုပ်ငန်းလည်ပတ်ဖို့ ကုန်ကျစရိတ်၊ တကယ်လို့ ငွေချေးတဲ့ လူတွေက ချေးငွေကို ပြန်မဆပ်နိုင်တဲ့အခါ အဲဒီအတွက် ပိုက်ဆံအနည်းငယ်နဲ့ လုပ်ငန်းကြီးထွားလာအောင် လည်ပတ်နိုင်ဖို့ ပိုက်ဆံအပိုကိုလည်း ဖယ်ထားရတာကြောင့် ပုံမှန်အားဖြင့် အပ်နှံသူတွေကိုပေးတဲ့ အတိုးနှုန်းထက် ငွေချေးသူတွေကို ကောက်တဲ့အတိုးနှုန်းက ပိုများပါတယ်။

ငွေကြေးဆိုင်ရာအဖွဲ့ အစည်းတွေဟာ **ဘဏ္ဍာရေးကိစ္စတွေကို ကြားဝင်ကူညီဆောင်ရွက်ပေးသူ**တွေအနေနဲ့ လုပ်ပါတယ်။ လူအများကြီး ဆီကရလာတဲ့အပ်နှံငွေတွေကို စုစည်းပြီး ချေးငွေအဖြစ် ထုတ်ချေးပေးတာဖြစ်ပါတယ်။ အခုလို လုပ်ပိုင်ခွင့်ရတဲ့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက နေပြီးတော့ တစ်ချို့ အပ်နှံငွေအမျိုး အစားတွေရဲ့ ပမာဏထက်စာရင် ချေးငွေပမာဏများများကို ပေးသလို

ချေးငွေ အတိုးနှုန်း *

=

အပ်ငွေရဲ့ အတိုးနှုန်း

လုပ်ငန်းလည်ပတ် ကုန်ကျစရိတ် အတွက် သီးသန့်ချန်ထားငွေ

ချေးငွေတွေ အတွက် သီးသန့်ချန်ထားငွေ

အမြတ်

သက်တမ်းအနေနဲ့ဆိုရင်လည်း ချေးငွေသက်တမ်းက ပိုကြာတတ်ပါတယ်။ ဒေါ်လှလှဦးက ဘာကြောင့် ကိုစောချစ် ငွေကြေးဆိုင်ရာအဖွဲ့အစည်းမှာ ပိုက်ဆံသွင်းတဲ့ပမာဏထက် ပိုရတယ်ဆိုတာကို သင်တွေးနေတယ် မဟုတ်လား။ ဒီသာဓကကို အပေါ်က ဒေါ်လှလှဦး နဲ့ ကိုစောချစ် ဇာတ်လမ်းမှာ သတိထားမိကြမှာပါ။ အခုတော့ အဖြေကို သိကြရပြီပေါ့။

* တစ်ချို့ ငွေကြေးဆိုင်ရာအဖွဲ့ အစည်းတွေက ချေးငွေတွေဟာ အပ်နှံငွေပေါ်မှာပဲ မူတည်ပြီး ပေးလေ့ရှိပါတယ်။

ငွေကြေးဆိုင်ရာအဖွဲ့အစည်းက ကိုစောချစ် တစ်ယောက်တည်းရဲ့ ပိုက်ဆံကိုတင် သုံးတာမဟုတ်ဘဲ တစ်ခြားအပ်နှံထားသူတွေရဲ့ ငွေတွေကိုပါ သုံးပြီး အဲဒီလိုလည်ပတ်နေတာပါ။

ငွေကြေးဆိုင်ရာကိစ္စတွေကို ကြားဝင်ကူညီဆောင်ရွက်သူတွေရဲ့ အဓိကတာဝန်ကတော့ သူတို့ဆီမှာ အပ်နှံထားတဲ့လူတွေရဲ့ငွေတွေကို ကာကွယ်စောင့်ရှောက်ပေးရတဲ့အတွက် ဘယ်သူ့ကိုချေးငွေပေးမလဲ ဆိုတဲ့အပေါ် တော်တော်လေး သတိထားကြရပါတယ်။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေအနေနဲ့လည်း ငွေချေးယူသူတွေဆီကနေ အချိန်မီ ချေးငွေ အပြည့်အဝပြန်ရအောင် ဆောင်ရွက်ခြင်းနဲ့ ငွေအပ်နှံသူအပေါ် တာဝန်ကျေအောင် လုပ်ပေးပါတယ်။

ဘဏ်၊ သမဝါယမအသင်း၊ အသေးစားငွေချေးတဲ့အဖွဲ့အစည်းတွေ (ဒါမှမဟုတ်) အလားတူ ဘဏ္ဍာရေးအဖွဲ့အစည်းတွေဟာ ဒီနေ့မှာ ငွေသုံးဖို့ မလိုသေးတဲ့ကိုစောချစ်တို့လို လူတွေဆီက ပိုက်ဆံတွေကို တစ်ခြားတစ်နေရာမှာ သုံးဖို့လိုအပ်တဲ့ ဒေါ်လှလှဦးတို့လို လူတွေအတွက် ငွေတွေကို အကျိုးရှိစွာ လည်ပတ်နိုင်အောင် လုပ်ပေးတဲ့အတွက် စီးပွားရေးကဏ္ဍမှာ မရှိမဖြစ် နေရာက ပါဝင်ကြပါတယ်။ တစ်နည်းအားဖြင့် အဲဒီလို လုပ်ဆောင်တဲ့ကဏ္ဍမှာ အပ်နှံငွေ နဲ့ ချေးငွေတွေ ပါပါတယ်။

နောက်ထပ်အရေးပါတဲ့လုပ်ငန်းတစ်ခုအနေနဲ့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက နိုင်ငံတွင်း တစ်နေရာကနေ တစ်နေရာကို ငွေလွှဲခြင်းအပြင် နိုင်ငံခြားမှာ သွားပြီးအလုပ်လုပ်နေတဲ့ သက်ဆိုင်သူတွေဆီက ငွေတွေကို လက်ခံရရှိအောင် နိုင်ငံတကာငွေလွှဲတွေကိုပါ တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။




ဘဏ်၊ သမဝါယမအသင်း၊ အသေးစားငွေချေးတဲ့အဖွဲ့အစည်းတွေ (ဒါမှမဟုတ်) အလားတူ လိုင်စင်ရ ဘဏ္ဍာရေးအဖွဲ့အစည်းတွေကို မြန်မာနိုင်ငံအစိုးရရဲ့ ဥပဒေဖြစ်တဲ့ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲရေးအောက်မှာ သင့်ရဲ့ပိုက်ဆံတွေကို လုံခြုံစွာသိမ်းဆည်းထားမှု၊ ဂရုတစိုက် ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေထုတ်ပေးရာမှာလည်း ယုံကြည်စိတ်ချရတဲ့သူကို သေသေချာချာ ထိန်းချုပ်ခြင်းနဲ့ တစ်နေ့ထက်တစ်နေ့ ငွေတွေ တိုးပွားအောင် လုပ်ကြရပါတယ်။

ဒါကြောင့် သူတို့နဲ့ပူးပေါင်းလုပ်ဆောင်ခြင်းမှာ အားသာချက် အများကြီး ရှိပါတယ်။

ငွေချေးယူသူအနေနဲ့ စိတ်ချလို့ရတာက ဘဏ်၊ သမဝါယမအသင်း၊ အသေးစား ငွေချေးတဲ့ အဖွဲ့အစည်းတွေစတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ပုံမှန်အားဖြင့် သင်ချေးထားတဲ့ ငွေတွေကို ပြန်တောင်းချင်တိုင်း တောင်းလို့မရသလို ချေးငွေစည်းမျဉ်း စည်းကမ်းတွေကိုလည်း ပြောင်းချင်တိုင်း ပြောင်းလို့မရပါဘူး။ အဲဒါတွေကြောင့် ငွေချေးသူတွေအနေနဲ့ ကိုယ်လုပ်စရာ ရှိတာ၊ လုပ်ငန်း လုပ်စရာရှိတာတွေကို အစီအစဉ်ဆွဲဖို့ ပိုလွယ်သွားစေပါတယ်။ အများအားဖြင့် လိုင်စင်ရအဖွဲ့အစည်းတွေဆီကချေးရင် အတိုးနှုန်းလည်း သက်သာစေပါတယ်။

အပ်နှံသူတွေရဲ့ငွေတွေကို လုံခြုံစိတ်ချစွာထိန်းသိမ်းထားပြီး သဘောတူညီထားတဲ့ စည်းမျဉ်းစည်းကမ်းချက်တွေအပေါ် မူတည်ပြီး အပ်နှံတဲ့သူအနေနဲ့ အချိန်အတိုင်းအတာ တစ်ခုမှာ စုထားတဲ့ငွေအပါအဝင် အတိုးကိုလည်းထုတ်ယူနိုင်ပါတယ်လို့ အာမခံပါတယ်။
ဒီကိစ္စနဲ့ ပတ်သက်ပြီး ထပ်မံသိချင်ရင်
နံပါတ် » ၅။ စုဆောင်းခြင်း နှင့် လုံခြုံစိတ်ချရခြင်းမှာ တွေ့နိုင်ပါတယ်။



## ၂။ ဘဏ်၊ သမဝါယမအသင်း၊ အသေးစားငွေချေးတဲ့အဖွဲ့အစည်းတွေက ဘယ်လို ဝန်ဆောင်မှုမျိုးတွေလုပ်ပါသလဲ။

အပ်ငွေ၊ ချေးငွေ နဲ့ အခြားဝန်ဆောင်မှု ပုံစံအမျိုးမျိုးကို ဘဏ်၊ သမဝါယမအသင်း (ဒါမှမဟုတ်) အသေးစားငွေချေး အဖွဲ့အစည်းတွေထဲက ရွေးချယ်နိုင်ပါတယ်။ ဒီအပိုင်းမှာ လူသုံးများပြီး မြန်မာနိုင်ငံမှာ တွေ့နိုင်တဲ့ဝန်ဆောင်မှု နဲ့ အမျိုးအစားတွေကို အကျဉ်းချုံး တင်ပြသွားမှာ ဖြစ်ပါတယ်။

**ငွေကြေးဆိုင်ရာအဖွဲ့တွေမှာ အကောင့် (သို့) စာရင်းဖွင့်**တာဟာ ငွေတွေကို သိမ်းဆည်းဖို့၊ အခွန်အခတွေဆောင်ဖို့၊ ချေးငွေ ရယူပြီး ပြန်ဆပ်ဖို့တွေအတွက် သုံးပါတယ်။ တစ်ဦးချင်း အသုံးများတဲ့ အကောင့်/စာရင်းကတော့ စာရင်းရှင်စာရင်း နဲ့ ငွေစုစာရင်းတွေပါ။ သတိထားရမှာကတော့ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတိုင်း အကောင့်အမျိုးအစားစုံ ရှိတာ မဟုတ်ပါဘူး။

**စုဆောင်းခြင်း** - ကိုစောချစ်ဇာတ်လမ်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။ ငွေစုတဲ့နေရာမှာ သတ်မှတ်ထားတဲ့ဘဏ္ဍာရေး ဆိုင်ရာအဖွဲ့အစည်းနဲ့ပဲ ငွေစုလို့ရပါတယ်။ ၁။ ငွေဘယ်လောက် အပ်လို့ရမလဲ။ ၂။ အဲဒီအဖွဲ့အစည်းမှာ အပ်ထားတဲ့ ကိုယ့်ငွေ တွေကို ဘယ်အချိန်မှာ ထုတ်ချင်လဲ။ ၃။ ဘယ်လောက်အတိုးနှုန်း ရချင်လဲ။ စတဲ့အချက်တွေပေါ် မူတည်ပြီးတော့ ကိုယ့်အတွက် ရွေးချယ်စရာတွေအများကြီး ရှိတယ်။ နံပါတ် » ၅။ စုဆောင်းခြင်းနှင့် လုံခြုံစိတ်ချရခြင်းကဏ္ဍမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ပိုလေ့လာနိုင်ပါသေးတယ်။

**ချေးငွေ**ဆိုတာ ဥပမာ ဘဏ်ကနေ ပိုက်ဆံချေးတဲ့နေရာမှာ စာချုပ်စာတမ်း နဲ့ ချေးပြီး ငွေပြန်ဆပ်တဲ့နေရာမှာလည်း အတိုးပါ ပြန်ဆပ်ပါ့မယ်ဆိုပြီးတော့ တာဝန်ခံပြီး ချေးရတာပါ။ အတိုးဆိုတာကလည်း ဒီပိုက်ဆံကို ရယူသုံးစွဲခပါ။ ငွေချေးတဲ့ နေရာမှာလည်း တိကျရေရာပြီး အကျိုးရှိမယ့် ရည်ရွယ်ချက် ပါဝင်သင့်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာ ချေးငွေ ထုတ်ယူပြီး အကျိုးရှိရှိသုံးလိုက်လို့ ကိုယ့်ဘဝ (ဒါမှမဟုတ်) နေထိုင်မှုအဆင့်အတန်း မြင့်မားသွားတာမျိုးပဲ ဖြစ်သင့်ပြီး လက်ရှိ (ဒါမှမဟုတ်) နောင်မှာ ကိုယ့်ငွေရေးကြေးရေး အခြေအနေကို ထိခိုက်တာမျိုး မဖြစ်သင့်ပါဘူး။ ချေးငွေကို အကျိုးရှိမယ့်နေရာ (ဒါမှမဟုတ်) အနည်းဆုံး တစ်ခုခုမှာ ရင်းနှီးမြှုပ်နှံထားခြင်းကြောင့် နောင်မှာ ကိုယ့်အတွက် ဒုက္ခမရောက်နိုင်တော့ဘူးပေါ့။



**လက်ရှိ မြန်မာနိုင်ငံမှာ ရရှိနိုင်တဲ့ အသုံးအများဆုံး ချေးငွေနဲ့ အပ်ငွေ အမျိုးအစားများ -**


လိုင်စင်ရ ဘဏ္ဍာရေးအဖွဲ့အစည်းများ နဲ့ ငွေစုခြင်း*

## မိမိဆန္ဒအလျောက် ငွေစုခြင်း



သမဝါယမအသင်းဝင် (ဒါမှမဟုတ်) လိုင်စင်ရ အပ်ငွေလက်ခံနိုင်တဲ့ အသေးစားငွေချေး အဖွဲ့အစည်းတွေမှာ လက်ရှိငွေချေးသူဆိုရင် အဲဒီမှာပဲ ကိုယ့်ငွေတွေကိုလည်း အပ်နှံနိုင်ပါတယ်။ ကိုယ့်ပိုက်ဆံ ထုတ်ချင်တဲ့အချိန် ထုတ်လို့ရပေမယ့် မထုတ်ခင် ကိုယ်ထုတ်မယ့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းကိုတော့ ထုတ်မယ့်အချိန်နဲ့ ထုတ်မယ့်ပမာဏကို ကြိုအကြောင်းကြားရပါမယ်။ ပြီးရင် ကိုယ့်စုငွေအတွက်လည်း အတိုးရပါမယ်။ စည်းကမ်းချက်တွေနဲ့ သတ်မှတ်ချက်တွေကတော့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတစ်ခုနဲ့တစ်ခု ကွာခြားပါတယ်။ ဒါကြောင့် အဖွဲ့အစည်း တစ်ခု နဲ့ တစ်ခုရဲ့ ဝန်ဆောင်မှုတွေကို နိုင်းယှဉ်လေ့လာဖို့ အရေးကြီးပါတယ်။ သမဝါယမအသင်းမှာ အသင်းဝင်တွေ အတွက် သူတို့စည်းမျဉ်းစည်းကမ်းချက်တွေနဲ့ သတ်မှတ်ချက်တွေထဲမှာ ပုံမှန်အားဖြင့် စုငွေပမာဏ၊ အတိုးနှုန်းတွေကို အစကတည်းက ပုံသေ သတ်မှတ်ထားပြီးသားပါ။

## မစုမနေရ စုငွေ



သမဝါယမအသင်း (ဒါမှမဟုတ်) အသေးစားငွေချေး အဖွဲ့အစည်း အများစုကနေ ငွေချေးချင်တယ်ဆိုရင် သူတို့ ကိုယ့်ကို ငွေချေးတာ စိတ်ချရနိုင်ပါတယ်ဆိုပြီး သက်သေပြတဲ့အနေနဲ့ သတ်သတ်မှတ်မှတ် ငွေပမာဏ တစ်ခုထည့်ပြရပါတယ်။ ဒါမှ ကိုယ့်အနေနဲ့ တစ်ကယ်လို့ ချေးငွေပြန်ဆပ်မှုပျက်ကွက်ဖို့ အလားအလာရှိခဲ့ရင် အဲဒီငွေနဲ့ ပျက်ကွက်တာအချို့ကို ကာမိအောင်ပါ။ တစ်ချို့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက ငွေပမာဏ နည်းနည်းလေးကို မစုမနေရစုငွေအဖြစ် သတ်မှတ်ပြီး အပတ်တိုင်း (သို့) လတိုင်းကောက်ကျသလို တစ်ချို့ကျတော့လည်း မစုမနေရစုငွေကို ချေးငွေ စထုတ်ပေးတဲ့အချိန်မှာ တစ်လုံးတစ်ခဲတည်း ကောက်ပစ်တတ်ကြတယ်။

လိုင်စင်ရ ဘဏ္ဍာရေးအဖွဲ့အစည်းများနဲ့ ငွေချေးခြင်း*

## အဖွဲ့လိုက်ချေးငွေ



အဲဒီလိုချေးငွေအများစုကို အသေးစားငွေချေးအဖွဲ့အစည်းတွေနဲ့ သမဝါယမအသင်းတွေကနေ အဖွဲ့လိုက်ချေးပေးတာမျိုးပါ။ အဲဒီလို အဖွဲ့လိုက် ငွေချေးပေးရတဲ့စိတ်ကူးက အဖွဲ့ငယ်လေးတွေ အလိုက် ပိုက်ဆံချေးပေးလိုက်ကြောင့် ငွေချေးသူ အချင်းချင်း တစ်ဦးကိုတစ်ဦး အာမခံပေးရမှာဖြစ်တယ်။ အဲဒီလိုလုပ်ထားခြင်းဖြင့် အဖွဲ့ဝင်တစ်ယောက် ပြန်မဆပ်နိုင်ခဲ့ရင် တစ်ခြားအဖွဲ့ဝင်တွေက ဝိုင်းပြီးဆပ်ပေးရပါတယ်။ သမဝါယမအသင်း နဲ့ အသေးစားငွေချေးလုပ်ငန်းတွေကနေ ငွေချေးရင် အပေါင်ပစ္စည်းမလိုတော့ အဖွဲ့နဲ့ ထိန်းချုပ်တဲ့စနစ်ကို သုံးပြီး ငွေအပြည့်အဝ ပြန်ရအောင် လုပ်ထားတာပါ။ ဒီချေးငွေအမျိုးအစားက အပေါင်ပစ္စည်း မလိုတာကောင်းပေမယ့် တစ်ခြား အဖွဲ့ဝင်တွေက ပြန်မဆပ်နိုင်ခဲ့ရင်ဆိုတဲ့ အန္တရာယ်ကို ကိုယ်ပါ ဝင်ထမ်းရမှာကိုတော့ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ အဖွဲ့လိုက် ချေးငွေလို့ ပြောပေမယ့်လည်း တကယ်တော့ ငွေကတစ်ဦးချင်းစီကိုပဲ ထုတ်ချေးပေးတာပါ။ စည်းမျဉ်းစည်းကမ်းနဲ့ သတ်မှတ်ချက်တွေ၊ ချေးငွေပုံစံတွေကလည်း အဖွဲ့အစည်းတစ်ခု နဲ့ တစ်ခု မတူပါဘူး။

*ဥပမာ - ၂၀၁၅က အချက်အလက်မှာပေါ်မှာ မူတည်ပါတယ်။ စံနှုန်းတွေကလည်း အခြေအနေ ပေါ်မူတည်ပြီး ပြောင်းလဲနိုင်ပါတယ်။

## တစ်ဦးချင်း ချေးငွေ



ဘဏ်တွေကနဲ့ စီးပွားရေးအခြေအနေတွေကို စစ်ဆေးပါလိမ့်မယ်။ များသောအားဖြင့် တစ်ဦးချင်းချေးငွေကို ချေးပေးပါတယ်။ တစ်ယောက်ချင်းလို့ဆိုတဲ့နေရာမှာ ကိုယ့်အနေနဲ့ တစ်ခြားသူတွေ အတွက် အာမခံပေးစရာ မလိုဘူး။ ဒါပေမယ့် တကယ်လို့ငွေချေးတဲ့ သူမှာ ချေးငွေပြန်ဆပ်ဖို့ အခက်အခဲရှိရင် ဘဏ် ဒုက္ခမရောက်အောင် ကိုယ့်အနေနဲ့ ဘဏ်ကို တစ်ခုခုပေးရမယ်။ ဒီလို ချေးငွေမျိုးက မြေ (ဒါမှမဟုတ်) မြေနဲ့ အဆောက်အအုံကို အာမခံပစ္စည်း အဖြစ်ထားရတဲ့အပြင် ကိုယ့်ကို အာမခံပေးမယ့် လူတစ်ယောက် (ဒါမှမဟုတ်) တစ်ယောက်ထက်ပိုပြီး ပေးရတယ်။ ဘဏ်ရဲ့ချဉ်းကပ်ပုံက စာရွက်စာတမ်းကိစ္စတွေနဲ့ ရှုပ်ထွေးလို့ အသေးစား ငွေချေးအဖွဲ့အစည်းတွေထက် လက်ဝင်တဲ့ပုံစံမျိုး ပိုပေါက်ပေမယ့် ဘဏ်တွေက အသေးစားငွေချေးအဖွဲ့အစည်းတွေထက် ပမာဏများများ ချေးပေးနိုင်ပါတယ်။ အခု မြန်မာနိုင်ငံမှာ တစ်ချို့ အသေးစားငွေချေးလုပ်ငန်းတွေကလည်း အသေးစားလုပ်ငန်းလုပ်တွေအတွက် ချေးငွေတွေကို စပေးလာနေပါ ပြီ။ အဲဒီလို ချေးငွေပုံစံမျိုးမှာ ကိုယ့်အဖွဲ့ဝင်တွေအတွက် အာမခံပေးစရာ မလိုဘူး။ ဒါပေမယ့် ငွေချေးပေးမယ့်အဖွဲ့အစည်းကနေပြီး ပြန်ဆပ်နိုင်မနိုင်ကို အိမ်ထောင်စုရဲ့ ငွေရေးကြေးရေးအခြေအနေ စီးပွားရေးအခြေအနေတွေကို စစ်ဆေးပါလိမ့်မယ်။ ပြီးရင် အာမခံပေးမယ့်သူ ရှာခိုင်းပါတယ်။

## အရစ်ကျ ငွေချေးစနစ်



ဘဏ်အပြင် သမဝါယမအသင်း နဲ့ အသေးစားငွေချေးလုပ်ငန်းအနည်းငယ်က အရစ်ကျငွေချေးစနစ်ကို ဆောင်ရွက်ပေးပါတယ်။ ဒီစနစ်ကို သတ်မှတ်ထားတဲ့ပစ္စည်းတွေ ဝယ်ရာမှာ သုံးပါတယ်။ ဥပမာ စက်ပစ္စည်းကိရိယာ ဝယ်တာလိုမျိုး၊ ဒီလိုချေးငွေမျိုးကို ကိုယ့်ဆီမှာ အဲဒီပစ္စည်းဝယ်ဖို့ ပိုက်ဆံတစ်ချို့တစ်ဝက်ရှိတယ်ဆိုရင် လျှောက်လို့ရပါတယ်။ ပစ္စည်းတစ်ခုလုံးရဲ့ တန်ဖိုးကို ပေးစရာမလိုဘဲ အနည်းဆုံး ရောင်းဈေးရဲ့၃ဝရာခိုင်နှုန်းပဲ သင့်ဆီမှာ ရှိရင်ရပါတယ်။ ဒါပေမယ့် တစ်ချို့ဘဏ်တွေမှာတော့ ဒီထက်မက နည်းနိုင်ပါတယ်။

ဘဏ်က သင့်ကိုယ်စား ပစ္စည်းကို ဝယ်ပြီး သင်က ဘဏ်ကနေ တစ်ဆင့် ပြန်ငှားသုံးရတာပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကို ပိုက်ဆံပေးရပါတယ်။ အဲဒါအပြင် ဘဏ်ကိုလည်း တစ်ချိန်တည်း မှာ ချေးငွေတွေကို ဆပ်ရပါမယ်။ ရည်ရွယ်ချက်က ငွေအကျေဆပ်ပြီးတာနဲ့ အဲဒီပစ္စည်းက သင့်အပိုင်ဖြစ်သွားမှာပါ။ ငွေအကျေဆပ်တယ်ဆိုတဲ့အထဲမှာ အတိုးနှုန်း၊ ပစ္စည်းအဖိုးအခ၊ ကော်မရှင်ကြေး စတာတွေ အကုန်လုံး ပါပါတယ် ။ ဝယ်တဲ့ပစ္စည်းအမျိုးအစားပေါ် မူတည်ပြီး အငှားဝယ်ယူစာချုပ် သက်တမ်းက နှစ်ပေါင်းများစွာလည်း ကြာနိုင်ပါတယ်။

**အာမခံပေးတဲ့သူ**

ကျွန်ုပ်တို့အများစု တစ်ကြိမ်မဟုတ်တစ်ကြိမ်မှာ အာမခံလုပ်ပေးဖို့ ကမ်းလှမ်းခံရတယ်။ ဘာမှကုန်ကျစရာမလိုဘဲ သူငယ်ချင်းကို ကူညီနေကျ မို့လို့ ကူညီလိုက်တာမျိုးအနေနဲ့ မြင်ချင်လည်းမြင်မယ်။ တကယ်တော့ အာမခံပေးတဲ့ကိစ္စဆိုတာ လုပ်ရိုးလုပ်စဉ်ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဥပဒေအရ တာဝန်ယူရတာဖြစ်တဲ့အတွက် တကယ်လို့ အဆင်မပြေတာတစ်ခုခု ဖြစ်ခဲ့ရင် ကိုယ် ကိုယ်တိုင် နဲ့ ကိုယ့်မိသားစုကို ဒုက္ခရောက်စေနိုင်ပါတယ်။ တကယ်လို့ ငွေချေးတဲ့ လူက ချေးငွေကို အပြည့်အဝနဲ့ အချိန်မီ ပြန်မဆပ်နိုင်ခဲ့ရင် အာမခံပေးတဲ့သူက သူ့ကိုယ်စား အတိုးအပါအဝင် ချေးငွေအားလုံးနဲ့ နောက်ကျကြေး၊ တရားရုံးကို ပေးဆောင်ရငွေတွေကိုပါ ကြားဝင်ဆပ်ပေးရပါတယ်။

အာမခံပေးမယ့်သူ မလုပ်ခင် အောက်ကမေးခွန်းတွေ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်ပါ။

- ငွေချေးယူတဲ့သူအကြောင်း ဘယ်လောက်သိလဲ။ သူ့ကို ဘယ်လောက်ယုံကြည်စိတ်ချလို့ရလဲ။
- ငွေချေးယူတဲ့သူက ငွေဘယ်လိုပြန်ဆပ်မယ်လို့ စီစဉ်ထားလဲ။ ငွေပြန်ဆပ်ဖို့ နည်းလမ်းတွေ ရှိလား။
- တကယ်လို့ အမှားအယွင်းတစ်ခုခုဖြစ်ခဲ့မယ်ဆိုရင် ကိုယ်ကိုယ်တိုင် သူ့ကိုယ်စား ဝင်ဆပ်ပေးနိုင်တဲ့ အင်အားရှိလား။ ဒီကိစ္စက ကိုယ့်မိသားစု၊ စီးပွားရေး နဲ့ ဘဝမှာ ဘယ်အတိုင်းအတာထိ သက်ရောက်မှု ဖြစ်နိုင်မလဲ။
- ကိုယ်ကိုယ်တိုင်ကော တကယ်ပဲ ဒီနေရာမှာ တကယ်ဝင်ပါချင်ရဲ့လား။ လူအများစုက ကိုယ့်ကို အာမခံပေးဖို့ ကိုယ့်ကိုမေးခံလာရရင် စိတ်ပိုင်းဆိုင်ရာ (ဒါမှမဟုတ်) လူ့ကျင့်ဝတ်ဆိုပြီး ဖိအားပေးခံရတာမျိုး ခံစားရလို့ အလွယ်တကူပဲ လုပ်ပေးလိုက်တယ်။

# ၃။ ငွေကြေးစီမံခန့်ခွဲမှု နှင့် ငွေပေါ်လွယ်မှု

သင့်ပိုက်ဆံ၊ စည်းစိမ်ဥစ္စာ နဲ့ ဘဏ္ဍာရေးလုပ်ငန်းများဟာ ပုံမှန်အားဖြင့် ပုံစံအမျိုးမျိုးနဲ့ ရှိတတ်ကြတယ်။

ဒေါ်လှလှဦးက နန်းကြီးသုပ်ဆိုင် တိုးချဲ့ဖို့ စဉ်းစားပြီးတော့ သူ့ပိုက်ဆံတွေကို တစ်ချို့ကိစ္စတွေအတွက် သုံးလိုက်တယ်။ ဒုတိယဆိုင်ဖွင့်ဖို့ ကိုယ့်ကိုယ်ကို ပိုက်ဆံစုဖို့ စည်းကမ်း သတ်မှတ်လိုက်ပြီး ဝင်ငွေထွက်ငွေစာရင်းကို အပတ်တိုင်း လုပ်တယ်။ သတ်မှတ်ထားတဲ့ အတိုင်းအတာထက် ဘယ်တော့မှ ပိုမသုံးမိအောင်ထိန်းတယ်။

လစဉ်လတိုင်း ငွေ ၃၀,၀၀၀ ကို ဖယ်ထားပြီး အဲဒီရလာတဲ့ အသားတင် အမြတ်ငွေတွေ အားလုံးပေါင်းနဲ့ နောက်နှစ်လောက်မှာ ဒုတိယဆိုင်ခွဲဖွင့်ဖို့ ရည်မှန်းထားတယ်။ တစ်ချို့လတွေဆို ၃၀,၀၀၀ စုနိုင်ပေမယ့် များသောလတွေမှာတော့ ၂၅,၀၀၀ ဝန်းကျင်လောက်ပဲ စုနိုင်တယ်။

ပြီးခဲ့တဲ့အပတ် ဒေါ်လှလှဦး ဘဏ်မသွားခင်တွေ့ရမယ့် သူ့ရဲ့ အစီအစဉ်ဇယားလေးကို ကြည့်ရအောင်။

ဘေးကဇယားက ဘာကိုပြသလဲဆိုရင် ဒေါ်လှလှဦးအနေနဲ့ ကိုယ်ဘယ်လောက်သုံးမလဲဆိုတာကို တွက်ချက်ပြီး တကယ်တမ်း ဘယ်လောက်သုံးလိုက်လဲဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

» သူ့လိုမျိုးပဲ လုပ်ကြည့်ချင်တယ်ဆိုရင် စာအုပ်ရဲ့နောက်ဆုံး စာမျက်နှာမှာ သင့်အတွက် ပုံစံစာရွက်တစ်ခုကို တွေ့ရပါလိမ့်မယ်။

အပတ်စဉ်ဖြစ်ဖြစ်၊ လစဉ်ဖြစ်ဖြစ် အချိန်တစ်ခု သတ်မှတ်ပါ။ အဲဒီအတောအတွင်းမှာပဲ ရတဲ့ သင့်ဝင်ငွေအားလုံးနဲ့ သင့်ရဲ့ သုံးစွဲငွေတွေအားကို ချရေးပါ။

လခစားဆိုရင် လခ ဘယ်လောက်လဲဆိုတာ ချရေးပါ။ ကိုယ်ပိုင် အလုပ်တွေဖြစ်တဲ့ လယ်ထဲမှာဖြစ်ဖြစ် (ဒါမှမဟုတ်) တစ်ခြားဘာကိုယ်ပိုင်အလုပ်ပဲဖြစ်ဖြစ် လုပ်တယ်ဆိုရင် ကိုယ့်ရောင်းလိုက်တဲ့ပစ္စည်းက ငွေဘယ်လောက်ဝင်တယ်ဆိုတာ ချရေးပါ။

ပုံမှန် ကိုယ်အမြဲသုံးနေကြပစ္စည်းရဲ့ တန်ဖိုးကို ချရေးပါ။

ပုံမှန်မဟုတ်ဘဲ သုံးခဲ့တဲ့တူညီတဲ့ ပစ္စည်းတွေရဲ့ ဈေးနှုန်းကို ချရေး (သို့) တွက်ချပါ။

ပုံမှန်မဟုတ်ဘဲ သုံးခဲ့တဲ့မတူညီတဲ့ပစ္စည်းတွေရဲ့ ဈေးနှုန်းကို ချရေး (သို့) တွက်ချပါ။

သုံးစွဲဖို့လျာထားတဲ့ပမာဏ
- တကယ်ကုန်ကျတဲ့ပမာဏ
ကွာခြားချက်

| အမျိုးအစား | သုံးစွဲဖို့လျာထားငွေ | တကယ်ကုန်ကျတဲ့ပမာဏ | ကွာခြားချက် |
|---|---|---|---|
| **ဝင်ငွေ** | | | |
| အမျိုးသားရဲ့လစာ | ၁၂၀,၀၀၀ | ၁၂၀,၀၀၀ | ၀ |
| လက်ဖက်ရည်ဆိုင်ရဲ့ရောင်းရငွေ | ၁၅၀,၀၀၀ | ၁၈၀,၀၀၀ | + ၃၀,၀၀၀ |
| **စုစုပေါင်းဝင်ငွေ** | **၂၇၀,၀၀၀** | **၃၀၀,၀၀၀** | **+ ၃၀,၀၀၀** |
| **သတ်မှတ်ထားတဲ့အသုံးစရိတ်** | | | |
| အစားအသောက် | ၄၀,၀၀၀ | ၃၅,၀၀၀ | - ၅,၀၀၀ |
| ငှားရမ်းခ | ၈၀,၀၀၀ | ၈၀,၀၀၀ | ၀ |
| ဖုန်း | ၅,၀၀၀ | ၈,၀၀၀ | + ၃,၀၀၀ |
| ကျောင်းလခ | ၀ | ၀ | ၀ |
| အတိုး | ၀ | ၀ | ၀ |
| သတ်သတ်မှတ်မှတ် မရှိတဲ့ကုန်ကျစရိတ် | ၀ | ၀ | ၀ |
| သယ်ယူပို့ဆောင်ရေးစရိတ် | ၅,၀၀၀ | ၄,၀၀၀ | - ၁,၀၀၀ |
| ကျန်းမာရေး | ၀ | ၂၅,၀၀၀ | + ၂၅,၀၀၀ |
| လက်ဖက်ရည်ဆိုင်ရှိ အလုပ်သမားလခ | ၄၀,၀၀၀ | ၄၀,၀၀၀ | ၀ |
| လက်ဖက်ရည်ဆိုင်အတွက် ရင်းနှီးမြှုပ်နှံငွေ (ဥပမာ - ချက်ပြုတ်ရာမှာ ပါဝင်တဲ့ပစ္စည်းတွေ၊ သောက်စရာတွေ၊ တစ်ရှူး) | ၆၀,၀၀၀ | ၆၂,၀၀၀ | + ၂,၀၀၀ |
| သုံးချင်လို့သုံးတဲ့ကုန်ကျစရိတ် | ၆၀,၀၀၀ | ၆၂,၀၀၀ | + ၂,၀၀၀ |
| ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေရေး | ၀ | ၁၀,၀၀၀ | + ၁၀,၀၀၀ |
| အဝတ်အစား၊ ဖိနပ် | ၁၀,၀၀၀ | ၈,၀၀၀ | - ၂,၀၀၀ |
| စုစုပေါင်းကုန်ကျစရိတ် | ၂၄၀,၀၀၀ | ၂၇၂,၀၀၀ | + ၃၂,၀၀၀ |
| **အသားတင် အမြတ်ငွေ** | **၃၀,၀၀၀** | **၂၈,၀၀၀** | **- ၂,၀၀၀** |
| **အသားတင် အမြတ်ငွေ** | **၃၀,၀၀၀** | **၂၈,၀၀၀** | **- ၂,၀၀၀** |

စုစုပေါင်းဝင်ငွေ
- စုစုပေါင်း ကုန်ကျစရိတ်
အသားတင်အမြတ်ငွေ




ဝင်ငွေ နဲ့ အသုံးစရိတ်တွေကို စီမံခန့်ခွဲတဲ့နေရာမှာ အပေါ်မှာ ပြထားတဲ့ အခြေခံစာရင်းအင်း ပုံစံလေးက အထောက်အကူဖြစ်ပါလိမ့်မယ်။ ကိုယ် သတ်မှတ်ထားတဲ့အချိန်တစ်ခု ဥပမာ လကုန်ရင် သုံးဖို့လျာထားတဲ့ပမာဏ ပြီးတော့ တကယ်သုံးဖြစ်သွားတဲ့ အသုံးစရိတ် နဲ့ ဝင်ငွေနှစ်ခုကို နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ အဲဒီမှာမှ ကိုယ့်ရဲ့အမူအကျင့် နဲ့ ကိုယ်ဘယ်အရာမှာ သုံးသင့်တာထက် ပိုသုံးလိုက်မိပြီလဲဆိုပြီး သုံးသပ်လာနိုင်မှာပါ။ ဒါ့အပြင် ဘယ်နေရာတွေမှာတော့ အသုံးစရိတ် အများဆုံးလျှော့ချနိုင်ခဲ့ပြီး ဘယ်နေရာမှာတော့ အသုံးစရိတ်ကို ပိုပြီး လျှော့ချနိုင်ခဲ့မှာလို့ ပြနေတယ်။ ထပ်ပြောရရင် ကိုယ်ကိုယ်တိုင်လည်း အသုံးစရိတ်တစ်ခုခုကို လျှော့ချနိုင်ခဲ့ရင် ကိုယ့်ဘာသာကိုယ် ဂုဏ်ယူမိမှာ အမှန်ပါပဲ။

တကယ်လို့ သုံးသင့်တာထက် ပိုသုံးမိသွားပြီလို့ထင်ရင် သတ်သတ်မှတ်မှတ်မရှိတဲ့ ကုန်ကျစရိတ် နဲ့ သုံးချင်လို့ သုံးတဲ့ကုန်ကျစရိတ်တွေကို နည်းလမ်းရှာပြီး လျှော့ချကြည့်ပါ။ ကိုယ်ကိုယ်တိုင်တောင် အရင်တုန်းက ပိုက်ဆံဘယ်လောက်သုံးခဲ့ပြီး အခုပိုက်ဆံသုံးလိုက်လဲဆိုတဲ့ နှစ်ခုကို ယှဉ်ကြည့်ပြီး အံ့သြသွားရလိမ့်မယ်။ ဥပမာ မုန့်ဖိုး နဲ့ ထီလက်မှတ်ဆိုတဲ့ သုံးချင်လို့ သုံးတဲ့စရိတ်တွေဟာ ကြည့်လိုက်ရင် နည်းနည်းလေးပဲလို့ ထင်ရပေမယ့် နှစ်ချုပ်လိုက်တဲ့အခါ ဘယ်လောက်တောင် သိသိသာသာ များသွားလဲဆိုတာ မြင်ရမှာပါ။

ဘာကြောင့် ကျွန်ုပ်တို့ ဝင်ငွေထွက်ငွေစာရင်းကို နှစ်ခုခွဲရသလဲ။ တစ်ခုက ကိုယ့်ဝင်ငွေနဲ့ အသုံးစရိတ်အတွက် ပြီးတော့ နောက်တစ်ခုက စီးပွားရေး အတွက်လား။ စီးပွားရေးမှာ ကြီးပွားချင်တယ်ဆိုရင် ကိုယ်တကယ်ပဲ ဒီလုပ်ငန်းတွေက အမြတ်ထွက်မထွက်၊ ကိုယ့် ကုန်ပစ္စည်း/ဝန်ဆောင်မှုကို လူသိများမများ၊ သင့်လုပ်ငန်းဝင်ငွေတိုးလာတယ်စတဲ့ အကြောင်းအရာတွေကို လုပ်ရကျိုးနပ်အောင် သိထားဖို့လိုပါတယ်။ ကိုယ်ဘယ်နေရာတွေ မှာ ဘယ်လို အသုံးစရိတ် လျှော့ချနိုင်မလဲ ဆိုတာကို ခွဲခြားသတ်မှတ်ဖို့လိုပါတယ်။ ဝင်ငွေထွက်ငွေစာရင်း လုပ်ခြင်းကြောင့် အသုံးစရိတ်ကို ဘယ်နေရာမှာ ပိုသုံးစွဲမိတယ် (ဒါမှမဟုတ်) ဘယ်နေရာမှာတော့ ဝင်ငွေ နဲ့ ကုန်ကျစရိတ်တွေကြား ကွာဟနေတာကို ထိထိရောက်ရောက် ရှာတွေ့နိုင်မှာပါ။ လုပ်ငန်းအတွက် လုပ်ထားတဲ့ ဝင်ငွေထွက်ငွေစာရင်းမှာ မှန်မှန်ကန်ကန်နဲ့ ပုံမှန်ဖြည့်မယ်ဆိုရင် အပေါ်မှာပြထားတဲ့ အချက်တွေကို ရှာတွေ့နိုင်ဖို့ အထောက်အကူပေးမှာပါ။


သမီးရဲ့ငွေတွေနဲ့ ပတ်သက်ပြီးခုလို ကောင်းကောင်းမွန်မွန်စီမံခန့်ခွဲ ဆုံးဖြတ်နိုင်အောင် ဘယ်လို များလုပ်တာလဲဟင်
ကျွန်မကိုယ့်ဘာသာ လုပ်ထားတဲ့ ငွေနဲ့ပတ်သက်ပြီး စစ်ကြည့်ရမယ့် စာရင်းလုပ်ထားတာ ရှိတော့ ဘယ်နေရာမှာ ငွေကို ဘယ်လို သုံးမယ်..ဘယ်လောက်သုံးမယ် ဆိုပြီး လုပ်ထားတော့ ငွေက အလေအလွင့် နည်းသွားတာပါ

သင့်ရဲ့ ဝင်ငွေထွက်ငွေစာရင်းကို မှန်မှန်ကန်ကန်ဖြည့်ပြီး ကိုယ့်ပိုက်ဆံကို အောင်မြင်စွာစီမံခန့်ခွဲနိုင်ဖို့ ဒီမှာ အကြံပေးထားတဲ့စာရင်းလေးက ကူညီပါလိမ့်မယ်။

ကိုယ်ရှာထားတဲ့ငွေ နဲ့ ကိုယ်သုံးလိုက်တဲ့ငွေတွေကို ပညာသားပါပါစီမံခန့်ခွဲခြင်း

- ☐ ကိုယ့်ရဲ့ဝင်ငွေထွက်ငွေစာရင်းကာလကို တိတိကျကျသတ်မှတ်ပါ။ ဥပမာ - အပတ်တိုင်းဖြစ်စေ၊ လတိုင်းဖြစ်စေ၊ လယ်သမားတွေအနေနဲ့ သီးနှံစိုက်ပျိုးရိတ်သိမ်းချိန်စသဖြင့် ကာလတစ်ခုကို သတ်မှတ်ပါ။
- ☐ တစ်ခြားမိသားစုဝင်တွေရဲ့ ဝင်ငွေ နဲ့ အသုံးစရိတ်တွေကို မိသားစုဝင်ငွေထွက်ငွေစာရင်းထဲမှာ ထည့်တွက်ပါ။ (ဥပမာ - ကိုယ့်အိမ်ထောင်ဘက်၊ သားသမီးစတဲ့)
- ☐ အိမ်ထောင်စုဝင်တစ်ယောက်အတွက် အစားအသောက်ဖိုး ဘယ်လောက် (ဒါမှမဟုတ်) မြေသြဇာအတွက်ဆိုရင်လည်း (     ) ကီလိုကို တစ်ကေအတွက်လိုတယ်။ ကိုယ့်ဆီမှာ (     )ကေ ရှိပြီး { (     )ကီလို x (     )ကေ x (     ) ကျသင့်ငွေ = မျှော်မှန်းထားတဲ့ကုန်ကျငွေကျပ် }
- ☐ ဈေးစာရင်းကို သုံးပါ။ (လုပ်ငန်းအတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်မိသားစုအတွက်ပဲဖြစ်ဖြစ်)
- ☐ ဈေးနှုန်းတွေကို နိုင်းယှဉ်ကြည့်ပြီး ဈေးသက်သာတဲ့ပစ္စည်းကိုပဲ ဝယ်သုံးပါ။
- ☐ အများကြီး ဝယ်ဖို့ဆိုရင် ကြိုစီစဉ်ထားပါ။
- ☐ ဝင်ငွေတိုးလာတာနဲ့အမျှ ပိုက်ဆံကိုလည်း ပိုစုနိုင်အောင် ကြိုးစားပါ။
- ☐ ကိုယ့်ရဲ့လုပ်ဆောင်ချက်တွေကို ပုံမှန်စစ်ဆေးပေးပါ။ ဝင်ငွေ နဲ့ အသုံးစရိတ်တွေရဲ့ အပြောင်းအလဲမှုတည်ပြီး ကိုယ့်ဝင်ငွေထွက်ငွေစာရင်းကို အလျော့အတင်းလုပ်ပါ။
- ☐ ကိုယ့်ကိုယ်ကို မလိမ်ပါနဲ့ ။ ကိုယ်လိုချင်တဲ့ရလဒ် ထွက်မလာရင်တောင်မှ ကျေကျေနပ်နပ် လက်ခံပြီး အမျိုးအစား စာရင်းတွေကို မှန်မှန်ကန်ကန်လုပ်ပါ။ ဒါဟာ ကိုယ့်ရဲ့ အားနည်းချက်တွေကို ရှာနိုင်ဖို့ ဒီဝင်ငွေထွက်ငွေစာရင်း လုပ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ပါပဲ။ (ဥပမာ - အသုံးစရိတ်ကို လျှော့ချဖို့ (ဒါမှမဟုတ်) မလိုအပ်ပဲ အလေအလွင့် ဖြစ်နေတာတွေကို ရှာတွေ့ဖို့ပါ။)

ပုံမှန် ဝင်ငွေထွက်ငွေစာရင်းလုပ်ခြင်းအားဖြင့် အောက်ပါအချက်တွေကို သိနိုင်ပါတယ်။ -

- ဘယ်တုန်းက၊ ဘယ်ကနေ ဘယ်လိုပိုက်ဆံရခဲ့တယ်ဆိုတာ တွေ့နိုင်မယ်။
- ကိုယ့်ပိုက်ဆံကို အချိန်ကာလတစ်ခုအတောအတွင်း ဘယ်နေရာမှာသုံးပြီး ကိုယ်ဘယ်လောက်သုံးလိုက်တယ်ဆိုတာတွေ တွေ့ရမှာပါ။
- ကိုယ့်ပိုက်ဆံကို ဘယ်လိုသုံးမယ်ဆိုတာ နေ့တိုင်းနေ့တိုင်း သတ်မှတ်တာပဲ ကောင်းပါတယ်။
- ငွေရေးကြေးရေးနဲ့သက်ဆိုင်တဲ့အမူအကျင့်တွေ နဲ့ ဝင်ငွေထွက်ငွေကို အမြဲမပြတ်စောင့်ကြည့်သုံးသပ်ပါ။
- ငွေစု -
  - အစီအစဉ်ချထားတဲ့အနာဂတ်အတွက် (ဥပမာ - ချေးထားတဲ့ငွေကို ဆပ်နိုင်ဖို့၊ ကျောင်းလခ/ သယ်ယူပို့ဆောင်ခတွေ ပေးဖို့၊ မင်္ဂလာဆောင်သွားဖို့)
  - အစီအစဉ်မချထားတဲ့အနာဂတ်အတွက် (ဥပမာ - အရေးပေါ် ကျန်းမာရေးအခြေ အနေတွေအတွက်)

စီးပွားရေးလုပ်ငန်းကြီးတွေလုပ်တဲ့ကုမ္ပဏီတွေအတွက် ပိုမိုပြီးစနစ်ကျတဲ့ ငွေစာရင်းရှင်းတမ်းတွေကို လုပ်တယ်။ သင့်အတွက် အလားတူ ကွဲပြားတဲ့ ငွေစာရင်းရှင်းတမ်း အမျိုးမျိုးကို လုပ်ပေးနိုင်ပါတယ်။ ဒါမှ သူတို့က ဒါကိုကြည့်ပြီး သင့်ကို ငွေချေးပေးနိုင် မပေးနိုင်ဘူးဆိုတာကို ဆုံးဖြတ်ချက်ချနိုင်မှာ ဖြစ်ပါတယ်။ ကိုယ့်ဘာသာကိုယ်လည်း ကိုယ့်စီးပွားရေး အရင်းအမြစ်၊ ဝင်ငွေတွေ၊ ကုန်ကျစရိတ်တွေ၊ ခန့်မှန်းရသုံးငွေ စာရင်းတွေရဲ့ငွေကြေး စီဆင်းလည်ပတ်ပုံ အချက်အလက်တွေကို စုဆောင်းလို့ရပါတယ်။ ဒီစာအုပ်ရဲ့နောက်ဆုံးက စာမျက်နှာ (၄၂)ကို ကြည့်ပြီး ဘယ်လိုလုပ်ရမလဲ ဆိုတာ လေ့လာနိုင်ပါတယ်။

## ၄။ သင့်တော်တဲ့ ချေးငွေရရှိအောင် ဘယ်လိုလုပ်ကြမလဲ။

### က) ရနိုင်သမျှ အများဆုံးငွေပမာဏကို ချေးယူခြင်းလား။

မဟုတ်ပါဘူး။ ဘယ်လောက် ပိုက်ဆံချေးချင်တယ်လို့ မဆုံးဖြတ်ခင်မှာ ကိုယ်ဘာအတွက် ဒီငွေကို လိုအပ်ပြီး ဘယ်လောက်ချေးဖို့လိုတယ်ဆိုတာမျိုးကို ကိုယ်တိုင် သိသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငွေချေးရတာက ဈေးကြီးလို့ပါ။ ချေးထားတဲ့ငွေကို ပြန်ဆပ်နိုင်မနိုင်ဆိုတာကိုလည်း စဉ်းစားထားသင့်တယ်။ အဲဒီလိုမှမဟုတ်ရင် ချေးငွေ ပြန်တောင်းခံရတဲ့အခါမှ ဒုက္ခရောက်နေဦးမယ်။
( » ၃။ ငွေကြေးစီမံခန့်ခွဲမှု နှင့် ငွေပေါ်လွယ်မှု)

**ငွေချေးရခြင်းရဲ့ရည်ရွယ်ချက်** - ငွေချေးယူပြီး လုပ်ထားတဲ့ရင်းနှီးမြှုပ်နှံကနေ အတိုးရော အရင်းရော ပြန်ဆပ်နိုင်ရမယ့်အပြင် သင် (ဒါမှမဟုတ်) သင့်မိသားစုကို အကျိုးတစ်ခုခုပြုနိုင်ရမယ်လို့ စိတ်ထဲမှာ သွင်းထားပါ။

ဥပမာ - လှိုင်ကော်မြို့ မြောက်ပိုင်းမှာ မစန္ဒာအေးရဲ့ကုန်စုံဆိုင်သေးသေးလေး ရှိတယ်။ သကြန်မကျခင် တစ်လအလိုမှာ



သူ့ဆိုင်ကို လူတွေအများကြီးလာပြီး ပိတ်ရက်အတွက် အစားအစာ အခြောက်အခြမ်းတွေ လာဝယ်တတ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ဆို မစန္ဒာအေးဆိုင် အပါအဝင် စားသောက်ဆိုင် နဲ့ တစ်ခြားဆိုင်တွေ အားလုံးပိတ်မှာမို့လို့ပါ။ များသောအားဖြင့် ဒီလိုအခါသမယမှာ စည်သွပ်ဗူး အစားအစာ အမျိုးအမယ်အားလုံး ရောင်းကောင်းပေမယ့် အခု သူ့ဆီမှာ အဲဒီလိုစည်သွပ်ဗူးအမယ်စုံမရှိဘူး။ လက်ကားသမားက သူ့ကို ၁၀၀,၀၀၀ဖိုး ငါးသေတ္တာဗူး ၅၀ နဲ့ ဟင်းသီး ဟင်းရွက်အသီးအနှံစည်သွပ်ဗူး ၃၅ဗူးကို ဈေးသက်သက်သာသာနဲ့ ပေးတယ်။ ဒါကလည်း အနည်းဆုံး ၁၀၀,၀၀၀ ဖိုးဝယ်မှ ဒီဈေးနဲ့ ပေးမှာ။ ပုံမှန်အတိုင်းဆိုရင် အဲဒီဈေးနဲ့ ငါးသေတ္တာဗူး ၄၀ နဲ့ ဟင်းသီးဟင်းရွက် အသီးအနှံ စည်သွပ်ဗူး၂၀ ပဲရတာ။ အခုမှ ရှားရှားပါးပါး အခွင့်အရေးအနေနဲ့ ပေါ်ချောင်ကောင်း ရလိုက်တာ။ မစန္ဒာအေးက သူအဲဒီ ၈၅ဗူးလုံး ရောင်းပြီးရင် သူ့အတွက် အားလုံးပေါင်း၁၆၀,၀၀၀ လောက်ကျန်မယ်ဆိုတာ သိတယ်။ စည်သွပ်ဗူးဝယ်ဖို့ သူ့မှာ ၃၀,၀၀၀ စုထားတာရှိပေမယ့် ၇၀,၀၀၀ လောက် လိုသေးတယ်။ အဲဒီလိုဆိုရင် သူ့အတွက် ငွေချေးတာ အဓိပ္ပါယ်ရှိရဲ့လား။ (ဥပမာ - အသေးစား ငွေချေးလုပ်ငန်း အဖွဲ့အစည်းတွေဆီက)

| | |
|---|---|
| စည်သွပ်ဗူးတွေရဲ့ရောင်းဈေး | ၁၆၀,၀၀၀ ကျပ် |
| စည်သွပ်ဗူးတွေရဲ့ဝယ်ဈေး | - ၁၀၀,၀၀၀ ကျပ် |
| စုဆောင်းငွေ | ၃၀,၀၀၀ ကျပ် |
| ချေးငွေ | ၇၀,၀၀၀ ကျပ် |
| ချေးငွေအတွက်ကုန်ကျစရိတ် (ချေးငွေ ၇၀,၀၀၀ပေါ်မှာ အတိုး ၃၀%) | - ၂၁,၀၀၀ ကျပ် |
| ယေဘုယျအမြတ် | ၃၉,၀၀၀ ကျပ် |
| မိမိကိုယ်ပိုင်စုဆောင်းငွေ | - ၃၀,၀၀၀ ကျပ် |
| ငွေပို ငွေလျှံ | ၉,၀၀၀ ကျပ် |

တကယ်လို့ မစန္ဒာအေးက စည်သွပ်ဗူးတွေအားလုံးရောင်းနိုင်ပြီး ၁၆၀,၀၀၀ ရာနိုင်ရင် ချေးထားတဲ့ငွေ အပါအဝင် အတိုးပါ ပြန်ဆပ်နိုင်မယ်။ ပြီးရင် သူရင်းနှီးမြှုပ်နှံထားတဲ့ငွေအပြင် သူ့ အတွက် အမြတ် ၉၀၀၀ကျပ် ကျန်ပြီး သူ့လုပ်ငန်းမှာ ပြန်ရင်းနှီး မြှုပ်နှံနိုင်လို့ သူငွေချေးတာ အဓိပ္ပါယ်ရှိပါတယ်။

**ဒီဟာကို သေသေချာချာဖတ်ကြည့်ပါ။ -**

ကိုယ်ရှာနိုင်တာထက် ပိုဆပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် သင့်ချေးငွေပြန်ဆပ်ဖို့ လိုတဲ့ငွေကို ရှာနိုင်အောင် လုပ်ထားသင့်ပါတယ်။

ထပ်တိုးလာတဲ့ချေးငွေတွေဟာ ရတဲ့ငွေနဲ့စာရင် အကြွေး ထပ်တက်လာဖို့ပဲရှိပါတယ်။ ပေးစရာရှိနေတဲ့ချေးငွေကို ပြန်မဆပ်နိုင်လို့ ထပ်ချေးပြီးဆပ်တယ်ဆိုတာ တကယ့် ဖြေရှင်းနည်း မဟုတ်ပါဘူး။ အဲဒီလုပ်မယ့်အစား ချေးငွေ ထုတ်ပေးတဲ့လူနဲ့ တွေ့ကြည့်ပြီး နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့် နည်းလမ်းကို ရှာကြံသင့်ပါတယ်။ (ဥပမာ - ငွေပေးချေရမယ့် အချိန်ကို ပြောင်းတာ (ဒါမှမဟုတ်) ပိုင်ဆိုင်မှု တစ်ချို့ တစ်ဝက်ကို ရောင်းချတာမျိုးပါ။)

» ဒီအခန်းပြီးရင် ငွေချေးပြီးပြန်ဆပ်ဖို့ အခက်အခဲရှိရင် ဘာလုပ်ရမလဲဆိုတဲ့ အကြံပေးချက်တစ်ချို့ကို တွေ့ရပါလိမ့်မယ်။

ငွေချေးတဲ့နေရာမှာ အမြဲတမ်းလိုအပ်လို့နဲ့ စတာချည်းပဲ။ ကိုယ်လိုတဲ့အရာကို တကယ်ပဲ ငွေချေးပြီးမှ ဝယ်ချင်တာလား။ တကယ်ကော ငွေချေးပြီး ဝယ်ဖို့လိုအပ်လား။ တစ်ခါတစ်လေ တစ်ကယ့်တစ်ကယ် ကိုယ်ဝယ်ချင်တဲ့ဟာ အခုချက်ချင်း လိုသေးတာမျိုး မဟုတ်သလို ပိုက်ဆံချေးပြီး ဝယ်ဖို့လည်း မလိုအပ်ပါဘူး။ အဲဒီပစ္စည်းကို ဝယ်ဖို့ နောက်လ လစာရမှ (ဒါမှ မဟုတ်) စပါးရိတ်သိမ်းပြီးတဲ့အချိန်ထိ စောင့်လို့ရပါတယ်။ စီးပွားရေးမှာ အမြတ်ရဖို့ လုပ်တာမဟုတ်ဘဲ ကိုယ့်အတွက်ပဲ သုံးဖို့ဆိုရင် စောင့်ကိုစောင့်သင့်ပါတယ်။ တစ်စုံတစ်ယောက် (ဒါမှမဟုတ်) အဖွဲ့အစည်းတစ်ခုဆီက ငွေချေးပြီး ပြဿနာကို ဖြေရှင်းတယ်ဆိုတာ အမြန်ဆုံး နဲ့ အသင့်တော်ဆုံးလို့ ထင်ရပေမယ့် ဒီကိစ္စမှာ ထင်သလောက် မလွယ်ပါဘူး။

ချေးငွေဆိုတာ အခြေအနေတော်တော်များများမှာ အတိုးကပ်ပါ လာတတ်ပြီး ငွေအပြည့် နဲ့ အချိန်မှန်ပြန်ဆပ်ဖို့ဆိုတဲ့ အလုပ် တစ်ခု လည်းပိုလာပါတယ်။ မိသားစုဝင် (ဒါမှမဟုတ်) သူငယ်ချင်းတွေဆီက ချေးခဲ့ရင်တော့ အတိုးပေးစရာမလိုပေမယ့် တစ်ချိန်ချိန်မှာ ကိုယ့်ဆီကနေ သူတို့ လိုအပ်တဲ့အခါ ပြန်လည် ပေးဆပ်ရတာတွေ ရှိတတ်ပါတယ်။

အရင် အကြွေးဆပ်ဖို့ နောက်ထပ် ငွေထပ်ချေးတယ်ဆိုတာ ကောင်းတဲ့စိတ်ကူးတော့ မဟုတ်ပါဘူး။ အကြွေးပေါ် အကြွေး ဆင့်ပြီး အကြွေးသံသရာထဲက မထွက်နိုင်ဖို့ပဲ များပါတယ်။ ဖြစ်နိုင်ခြေရှိတာကတော့ ကိုယ့်ရှာနိုင်တာထက် ပေးစရာက ပိုများနေတာ (ဒါမှမဟုတ်) အချိန်အတိုင်းအတာ တစ်ခုကြာမှပဲ ပြန်ဆပ်နိုင်မှာမျိုးတွေ ဖြစ်လာမှာပါ။)

**ချေးငွေပြန်ဆပ်ကာလ နဲ့ ချေးငွေပြန်ဆပ်ဖို့ သတ်မှတ်ထားတဲ့နေ့**
- မစန္ဒာအေး သူ့အတိုးကို ၁၂လပြီးရင် ပြန်ပေးရမှာမို့လို့ သူ့ ချေးငွေပြန်ဆပ်ရမယ့်ကာလက ၁၂လဖြစ်တယ်။ သူက ချေးငွေကို မတ်လ ၁ ရက်နေ့မှာ **(ချေးငွေထုတ်ပေးတဲ့နေ့)** ဖြစ်တယ်။ ဒါကြောင့် သူက ချေးငွေကို နောက်နှစ် မတ်လ၁၄ရက်နေ့မှာ အတိုးရောအရင်းရော ပြန်ပေးရမယ်။ **(ချေးငွေပြန်ဆပ်ဖို့ သတ်မှတ်ထားတဲ့နေ့)**

ချေးငွေကို မြေဩဇာတို့လို၊ ပိုးသတ်ဆေးတို့လို သက်တမ်း တိုကာလ အတွင်း အကျိုးရှိစေမယ့်ပစ္စည်းတွေ ဝယ်တာဆိုရင် ချေးငွေပြန်ဆပ်တာဟာ ပြန်ဆပ်ဖို့ သတ်မှတ်ထားတဲ့ကာလထက် မကျော်သင့်ပါဘူး။ (ဥပမာ - စပါးရိတ်သိမ်းချိန် ကာလတစ်ခု (သို့) နှစ်ခု)

ချေးငွေသက်တမ်းအတိုဆုံး နဲ့ အရှည်ဆုံးတွေကို ကိုယ့်ရဲ့ဝင်ငွေ ပေါ်မူတည်ပြီး စီမံခန့်ခွဲဖို့ သေသေချာချာစဉ်းစားပါ။ ဒီကိစ္စကို စဉ်းစားပြီဆိုရင် ပုံမှန်နေ့စဉ်ကုန်ကျစရိတ်အပြင် ကျန်းမာရေးအတွက်လိုမျိုး တစ်ခြား အရေးပေါ်ကိစ္စလိုမျိုး အသုံးစရိတ်တွေကိုလည်း ထည့်တွက်ဖို့မမေ့ပါနဲ့။ အခြား ကုန်ကျစရိတ်တွေ၊ အရေးကြီးဆုံးကတော့ ပုံမှန် ကုန်ကျစရိတ်တွေနဲ့ ချိန်ပြီး ပြန်ဆပ်သက်တမ်းကို အလျှော့အတင်း လုပ်ပါ။ (❯❯ ၃။ ငွေကြေးစီမံခန့်ခွဲမှု နှင့် ငွေပေါ်လွယ်မှု) အတိုးကောအရင်းကော တစ်လုံးတစ်ခဲထဲ ပြန်ဆပ်တာထက် စာရင် **အရစ်ကျပေးချေစနစ်**လို့ခေါ်တဲ့ ပုံမှန်ငွေနည်းနည်းချင်း ပြန်ဆပ်တာမျိုးက ကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုး နည်းစေနိုင်တယ် ဆိုတာလည်း စိတ်ထဲမှာ ထည့်ထားပါ။

**သူများကိုယ်စား ချေးငွေမချေးယူပေးပါနဲ့။**

တစ်ကြိမ်မဟုတ် တစ်ကြိမ် တစ်ယောက်ယောက်က သူတို့အတွက် ချေးငွေထုတ်ပေးပါလို့ အကူအညီတောင်းခံရဖူးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ငွေတကယ်ချေးမယ့်သူအနေနဲ့ ထုတ်ချေးမယ့်လူအတွက် သတ်မှတ်ထားတဲ့အချက်အလက်တွေနဲ့ မကိုက်ညီတာကြောင့်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်မပေးပါနဲ့။ အဲဒါ တကယ်ငွေချေးပေးမယ့်လူအပေါ်မှာ လိမ်တဲ့အပြင် သင် ကိုယ်တိုင်လည်း ကိုယ်သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ ကိုယ်ယူတာဆိုရင် ပြန်ဆပ်ဖို့က ကိုယ့်တာဝန်ပါ။




**ခ) ဘယ်သူ့ဆီက ငွေချေးသင့်ပြီး ဈေးအသက်သာဆုံး ချေးငွေရအောင် ဘယ်လိုလုပ်မလဲ။**

အဲဒါ အခြေအနေပေါ်မူတည်ပါတယ်။ ချေးငွေရဖို့ လျှောက်ထားတဲ့အခါမှာ ကိုယ်ဟာ အမှန်တကယ် သူတို့ လိုအပ်ချက်တွေနဲ့ ကိုက်ညီမညီ သိဖို့အရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချို့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက လယ်သမား၊ အသေးစားအလတ်စားလုပ်ငန်းတွေ၊ အမျိုးသမီးတွေ စတဲ့ အုပ်စုတွေကိုပဲ ပေးတာပါ။ ဘဏ်လိုမျိုး တစ်ခြား အဖွဲ့အစည်းတွေကတော့ အပေါင်ပစ္စည်းထားဖို့ တောင်းဆိုတတ်ကြတယ်။ ဈေးအသက်သာဆုံးချေးငွေကို ရှာတဲ့အခါမှာလည်း အတိုးနှုန်းတစ်ခုကိုပဲ မကြည့်ဘဲ တစ်ခြားစရိတ်တွေကိုလည်း ထည့်သွင်း စဉ်းစားဖို့လိုပါတယ်။

**တကယ်ကုန်ကျမယ့်ချေးငွေစရိတ်** - ဘာကြောင့်ငွေချေးဖို့ ပိုက်ဆံကုန်လဲဆိုတာ သင်သိပြီးသားဖြစ်မှာပါ။ (» ၁။ငွေချေးဖို့ ဘာလို့ ပိုက်ဆံကုန်ကျသလဲ။) မစန္ဒာအေးက တစ်လကို ၂.၅% နဲ့ တစ်နှစ်ကို ၃၀% အတိုးပေးရတယ်။ အရင်ကမပြောဖြစ်ခဲ့တာ တစ်ခုက မစန္ဒာအေးဟာ ချေးငွေသွားထုတ်ဖို့ မြို့တက်စရာ ရှိတယ်။ ကံကောင်းတာက ကုန်တွေဖြည့်ဖို့ မြို့တက်စရာရှိတာနဲ့ သွားတိုက်နေလို့ အတော်ပဲ ဖြစ်သွားတယ်။ များသောအားဖြင့် အနီးအနားရွာက သူ့လိုပဲ ကုန်တွေဝယ်သွားနေကျ ဈေးဆိုင်ပိုင်ရှင် ထရပ်ကားရှိတဲ့ မိန်းမရဲ့ကားနဲ့ အလကား လိုက်စီးလို့ရတယ်။ အဲဒီလိုမှမဟုတ်ရင် ကားခ ၁၅,၀၀၀ လောက်ကုန်မှာဆိုတော့ ချေးငွေ က ငွေပိုငွေလျှံ မကျန်တော့ သူ့အတွက် မက်လောက်စရာမရှိဘူး ဖြစ်နေတယ်။ ဒါ့အပြင် အမြတ်ကျန်မှာထက် အချိန်ကောငွေပါ ပိုကုန်မှာပဲ အဖတ်တင်တယ်။

ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက သင့်လျှောက်လွှာ လျှောက်တာ၊ စာရင်းဖွင့်တာစတဲ့ ကိစ္စတွေအတွက် အဖိုးအခတွေ နဲ့ ကော်မရှင်ခတွေလည်း ကောက်ပါလိမ့်မယ်။ အဲဒီလိုတွေ လုပ်ထားတာက သင်နောက်ထပ် တစ်ခြားစာချုပ်တွေ ထပ်ချုပ်လို့မရအောင်ပါ။ (ဥပမာ - သင့်ရဲ့အပေါင် ပစ္စည်းအာမခံ) ဒါမှမဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက ပေးတဲ့ စာရွက်စာတမ်းလိုမျိုးကို ပေးရတတ်ပါတယ်။ အဲဒါတွေရဖို့လည်း ပိုက်ဆံ ကုန်ပါတယ်။ **ကိုယ့်အတွက် သင့်တော်မယ့်ချေးငွေတွေကို ရယူဖို့ဆိုရင် ဒီအဖိုးအခအားလုံးကို ထည့်သွင်းစဉ်းစားသင့်ပါတယ်။**

**ဈေးပေါတိုင်းလည်း ကိုယ့်လိုအပ်ချက်နဲ့ ကိုက်ဦးမှ။** ချေးငွေ သက်တမ်း၊ ပြန်ဆပ်နည်းအမျိုးမျိုးနဲ့ အရစ်ကျပေးသွင်းတဲ့ပမာဏတွေကို စိစစ်ဖို့ နဲ့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက ပေးတဲ့ဝန်ဆောင်မှုက ကိုယ့်လိုအပ်ချက်နဲ့ ကိုက်ညီမှုဘယ်လိုရှိမလဲဆိုတာရယ်၊ ကိုယ့်မှာငွေဆပ်နိုင်အား ဘယ်လောက်ရှိလဲ ဆိုတာတွေကိုလည်း စိစစ်ဖို့မမေ့ပါနဲ့။ မျက်လုံးစုံမှိတ်ပြီး ဈေးပေါတာ ကိုပဲ မရွေးပါနဲ့။ ကိုယ့်အတွက် အကောင်းဆုံးဖြစ်မယ့်ဟာကို ရွေးချယ်ပါ။



**အတိုး နဲ့ အရင်း**

သင်ငွေချေးတယ်ဆိုရင် ပုံမှန်အားဖြင့် အဲဒီထဲမှာ အတိုးရော၊ အရင်းရော ပါဝင်ပါတယ်။ အရင်းဆိုတာ ကိုယ်တစ်ကယ်ချေးယူလိုက်တဲ့ ငွေကြေးပမာဏပါ။ အတိုးဆိုတာ သူ့ငွေပေးသုံးလို့ ပေးရတဲ့အခကြေးငွေပါ။ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းတွေမှာ ကိုယ်ချေးတဲ့ ငွေချေးနည်းပေါ် မူတည်ပြီး အတိုးယူတဲ့ပုံစံတွေဟာ မတူကြဘူး။ များသောအားဖြင့် တစ်လဘယ်လောက်၊ တစ်နှစ်ဘယ်လောက်ဆိုပြီး ပြောကြပါတယ်။ ဘာပဲဖြစ်ဖြစ် သင့်အတွက်ကျတော့ အရေးကြီးဆုံးက တကယ်တန်း ကုန်ကျမယ့်ငွေပဲ။ ချေးငွေကို ဘယ်လောက်ကြာကြာ သုံးတယ်ပေါ် မူတည်ပြီး မျှတမှုရှိတဲ့အတိုးနှုန်းကို တွေ့ရမှာဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်ကိုတော့ ချေးငွေနဲ့တွဲလျက် ပါလာတဲ့ အဖိုးအခ၊ ကော်မရှင်ကြေး စတာတွေနဲ့ ပေါင်းပြီး တွက်ချက်မှာ ဖြစ်ပါတယ်။ ငွေချေးပေးတဲ့အဖွဲ့အစည်းက ဘယ်အတိုးတွက်ချက်နည်းသုံးလဲဆိုတာ ရှင်းပြပေးမှာ ဖြစ်ပြီး နောက်ပိုင်းကျရင် ကိုယ့်ဘာသာကိုယ်တွက်ရမှာ ဖြစ်ပါတယ်။ သင်ကိုယ်တိုင်လည်း ဘယ်လိုတွက်ရမလဲ ဆိုတာကို တွက်ပြနိုင်းလို့ရပါတယ်။

**အပေါင်ပစ္စည်း**

သင်သိပြီးတဲ့အတိုင်း ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက အပ်နှံငွေတွေကို သုံးပြီး တစ်ခြားသူတွေကို ပြန်ချေးပေးတာ ဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့အစည်းအနေနဲ့ ချေးထားတဲ့ငွေတွေ ပြန်ဆပ်အောင်လုပ်ပြီး အပ်နှံသူတွေ လိုအပ်တဲ့အချိန်မှာ ပြန်ထုတ်ပေးလို့ရနိုင်အောင် စီစဉ်ထားရပါတယ်။ ကိုယ့်ရှုထောင့် တစ်ခုကနေကြည့်မယ်ဆိုရင် ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက သင်ချေးငွေလျှောက်တာနဲ့ တစ်ပြိုင်နက် သင့်အကြောင်း စစ်လားဆေးလား လုပ်တာခံရတယ်လို့ ထင်ရပေမယ့် သူတို့ဘက်က ကြည့်ပြန်တော့လည်း ချေးထားတဲ့ငွေတွေ သေချာပြန်ရအောင် စိတ်ချရမယ့်တစ်ခုခုရှိဖို့ မေးရတာပါ။ အဲဒါအပြင် တစ်ခြားအာမခံပေးထားတဲ့ သူတွေကနေ သင်အချိန်မီ ပြန်မဆပ်နိုင်ရင် သင့်အစားဝင်ဆပ်ပေးပါ့မယ်လို့ အာမခံပေးတဲ့ဟာမျိုးလည်း ဖြစ်နိုင်ပါတယ်။ (» ၁။ ငွေချေးဖို့ ဘာလို့ပိုက်ဆံကုန်ကျရသလဲ။)

**အာမခံပစ္စည်းထားရတဲ့ရည်ရွယ်ချက်က ဘာလဲ။**

ဘဏ်က ပိုက်ဆံချေးချင်တယ်ဆိုရင် အာမခံပစ္စည်း ပေးရပါတယ်။ အထူးသဖြင့် ဘဏ်တွေက မြေ (သို့) မြေအပါအဝင် အဆောက်အအုံလိုမျိုးကို အာမခံအဖြစ်တောင်းတယ်။ ပိုင်ဆိုင်ကြောင်း သေသေချာချာ တရားဝင် ပြနိုင်မှပဲ အာမခံအဖြစ် လက်ခံတယ်။

မစန္ဒာအေး ချေးငွေဝန်ဆောင်မှုပေးမယ့်သူကို ရှာတုန်းက သူ့ချေးငွေပမာဏက နည်းလည်းနည်း ဘဏ်တွေက တောင်းနေကျဖြစ်တဲ့ (မြေ၊ အဆောက် အအုံစတဲ့) ဘယ်အာမခံပစ္စည်းမဆို ပေးနိုင်မှာ မဟုတ်ဘူးဆိုတာ သဘော ပေါက်လာတယ်။

အာမခံပစ္စည်းပေးတာကြောင့် တကယ်လို့ သင့်အနေနဲ့ ငွေကြေးဆိုင်ရာအဖွဲ့အစည်းကို ပြန်မပေးနိုင်တဲ့အခါ ဆုံးရှုံးသွားနိုင်တဲ့ ပမာဏတစ်ခုကို အကန့်အသတ် လုပ်ထားတဲ့သဘောမျိုး နဲ့ တစ်ဖက်ကလည်း ပြန်ပေးပါမယ် ဆိုတဲ့သဘောမျိုးနဲ့ အဖွဲ့အစည်းအတွက် ချေးငွေကို လုံခြုံစိတ်ချရအောင် လုပ်ပေးတဲ့ သဘောပါ။

သင့်အာမခံပစ္စည်းကို လက်ခံခဲ့မယ်ဆိုရင်တော့ အာမခံပစ္စည်း ပေးနိုင်တဲ့အတွက်ကြောင့် ချေးငွေလွယ်လွယ်ကူကူနဲ့

**အာမခံပစ္စည်း**

တကယ်လို့ ဘဏ်ကငွေချေးချင်ပြီး ငွေပမာဏကလည်း များမယ်ဆိုရင် တန်ဖိုးရှိတဲ့အာမခံပစ္စည်းတစ်ခုခုကို အတောင်းခံရလိမ့်မယ်။ အဲဒီပစ္စည်းကို ချေးငွေ အတွက် အာမခံပစ္စည်းအဖြစ် အပေါင်ထားပါမယ်လို့ ကတိပေးရမယ်။ အဲဒါက တကယ်လို့များ သင်က ချေးငွေပြန်မဆပ်နိုင်ခဲ့ရင် အဲဒီပစ္စည်းကို သိမ်းပြီး ပြန်ရောင်းလို့ရအောင်လို့ပါ။ ရောင်းခဲ့ရင် ရောင်းလို့ရတဲ့ငွေက သင် ပြန်ဆပ်စရာရှိတဲ့ ပိုက်ဆံအနေနဲ့ ဘဏ်ထဲကို ဝင်သွားမှာဖြစ်ပါတယ်။ အဲဒါမှ အဲဒီပိုက်ဆံက ဘဏ်ကို ပေးစရာရှိတဲ့ငွေ (တစ်ချို့ တစ်ဝက်)ကို ကာမိမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ပေးရတဲ့အာမခံပစ္စည်း အများစုက မြေ နဲ့ မြေအပါအဝင် အဆောက်အအုံတွေပါ။

ရနိုင်တာပါပဲ။ ကိုယ် ဆပ်နိုင်သလောက်ပဲထုတ်ပြီး ကိုယ် တွက်တာချက်တာမှန်ခဲ့မယ်ဆိုရင် အရင် ချေးငွေကို ပြန်ဆပ်ပြီးတာနဲ့ သင့်လုပ်ငန်း အဆက်မပြတ် လည်ပတ်နိုင်အောင်၊ ရင်းနှီးမြှုပ်နှံနိုင်အောင် အကြိမ်ကြိမ် ပြန်လည်ထုတ်ယူနိုင်မှာပါ။

အာမခံပစ္စည်းပေးရတယ်ဆိုတာ တကယ်လို့ သင့်အနေနဲ့ ချေးငွေကို အချိန်မီ အပြည့်ပြန်မဆပ်နိုင်ရင် ဘဏ်က အကြွေးတွေ ကာမိအောင် သင့်ရဲ့အာမခံပစ္စည်းကို ထုတ်ရောင်းခွင့်ရှိပါတယ်။

**ကတိပေး (သို့) အပေါင်ခံပစ္စည်းပေးတာတွေဟာ လုပ်ရိုးလုပ်စဉ်တစ်ခုပဲ လို့ ယူဆလို့မရပါဘူး။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းတွေက တစ်ကယ် တမ်း လိုအပ်လာရင်လိုအပ်သလို ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်တွေရှိပါတယ်။**

ဒါကြောင့် အာမခံပစ္စည်း အပေါင်ထားဖို့ ပေးချင်တယ်၊ ပေးနိုင်တယ် ဆိုရင်တောင်မှ အလေးအနက် ထားပြီး စဉ်းစားသင့်တယ်။ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်တဲ့သူတွေဟာ ကိုယ့်လိုမျိုး ပစ္စည်းရောင်းတဲ့အခါမှာ ဈေးကောင်းရအောင် စောင့်မှာမဟုတ်ပါဘူး။ အာမခံပစ္စည်းကို ဈေးသတ်မှတ်တဲ့ အခါမှာလည်း ပေါက်ဈေးထက် ဈေးလျှော့ပြီး သတ်မှတ်ပါတယ်။ ဒါမှ သင့်ပစ္စည်းရောင်းပြီးတဲ့ အချိန်မှာ သူတို့အနေနဲ့ တစ်ခြား ကုန်ကျစရာတွေရှိခဲ့ရင် အဲဒီကထွက်လာတဲ့ ပိုက်ဆံနဲ့ ကာမိအောင်ပါ။




သင့်အနေနဲ့ တစ်ခြားအဖွဲ့အစည်းတွေက ချေးငွေတွေကို နှိုင်းယှဉ်ကြည့်ပါ။ တစ်ခါတစ်ခါ ချေးငွေ စည်းကမ်းစည်းကမ်းဟာ တူတယ်လို့ ထင်ရပေမယ့် တကယ် အသေးစိတ် လေ့လာကြည့်တဲ့အခါမှာ တစ်ချို့ချေးငွေတွေဆိုရင် ဈေးသက်သာတယ်လို့ ပထမမှာ ထင်ရတယ်။ တကယ်တမ်းကျတော့ အပိုဆောင်းစရိတ်တွေ ထပ်ထည့်တွက်ထားတာတွေ ရှိတတ်ပါတယ်။ အလားတူ အကောင်းဆုံးလို့ထင်ရတဲ့ ဈေးနှုန်းသက်သာ မြန်ဆန်တယ်လို့ မြင်မြင်ချင်းထင်မိပေမယ့် ကိုယ့်အတွက် လုံးဝ မသင့်တော်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ချေးငွေကို ရိတ်သိမ်းချိန် မတိုင်ခင် ပြန်ဆပ်ရမှာမို့လို့ပါ။




ဒီစစ်ကြည့်ရမယ့်စာရင်းလေးက သင့်ကို အသင့်တော်ဆုံး ချေးငွေရှာဖို့ ကူညီပေးပါလိမ့်မယ်။ - -

**ကိုယ်နဲ့ သင့်တော်တဲ့ချေးငွေရအောင် ဘယ်လိုလုပ်မလဲ။**

☐ ကိုယ် ဘာအတွက် ပိုက်ဆံချေးဖို့လိုလဲဆိုတာ သိလား။
မစန္ဒာအေးရဲ့ဇာတ်လမ်းလေးကို မှတ်မိသေးလား။ သူက သူဘာအတွက် ချေးငွေဖို့လိုလဲ၊ ဘယ်လောက် ချေးဖို့လိုလဲ၊ သူ ဘယ်လောက်ဝင်ငွေ နဲ့ အမြတ်ရှာပြီး ချေးငွေ ပြန်ဆပ်ရမလဲဆိုတာ ကောင်းကောင်းသိတယ်။ ဒီကြားထဲမှာ ဘာပြဿနာမှ မပေါ်ဘူးဆိုရင်ပေါ့။

☐ ကိုယ် ဘယ်လောက်လိုတယ်ဆိုတာ သိလား။
ကိုယ်အလုပ်ဖြစ်အောင်လုပ်ဖို့ လိုအပ်တဲ့ပမာဏကို (အနည်းဆုံး နဲ့ အများဆုံး)ထားပြီး တွက်ပါ။ ပြီးရင် ကိုယ်ကန့်သတ်ထားတဲ့ပမာဏအတွင်း အပိုအလိုမရှိတဲ့ချေးငွေတစ်ခုကို လျှောက်ထားပါ။

☐ ကိုယ် ပြန်ဆပ်နိုင်မယ်လို့ ထင်လား။ ပြန်ဆပ်ရမယ့်စည်းမျဉ်းစည်းကမ်းတွေကိုကော သိလား။ ချေးငွေတစ်ခု မလျှောက်ခင် ဒီသုံးချက်ကို အရင်စစ်ပါ။ -

- ချေးထားတဲ့ငွေ (အရင်း)ကို ဘယ်အချိန်မှာ ဘယ်လိုပြန်ပေးရမလဲ။
- အတိုးကို ဘယ်အချိန်မှာ ဘယ်လိုပြန်ဆပ်ရမလဲ။
- သတ်မှတ်ထားတဲ့ရက်နေ့မှာ ဒီပေးစရာရှိတာတွေကိုပေးဖို့ လက်ထဲမှာ ပိုက်ဆံရှိမှာလား။

☐ အာမခံပစ္စည်း လိုမလို သိလား။ လိုအပ်တဲ့ချေးငွေရနိုင်ဖို့ ပေးစရာအပေါင်ခံပစ္စည်းရှိလား။

☐ ကိုယ့်ချေးငွေက ဘယ်လောက် ကုန်ကျမလဲဆိုတာ သိလား။ အဲဒီအကြောင်းမေးပါ။ -

- အတိုးနှုန်း (ဘယ်လိုတွက်ရလဲ။)
- ပေးရမယ့် ကော်မရှင်ခ
- အခြားပေးရမယ့် စရိတ်စကတွေ
- သင့်အပေါင်ပစ္စည်းအတွက် လိုအပ်တဲ့အာမခံ
- ချေးငွေ၊ ပြန်ဆပ်ရမယ့်ငွေနဲ့ ဆက်စပ်ပြီး ပေးရမယ့်အခြားကုန်ကျစရိတ်တွေ (ဥပမာ - ပြန်ဆပ်တာနောက်ကျလို့ ဒဏ်ကြေးငွေဆောင်ရတာမျိုး)

## (ဂ) တကယ်လို့ ငွေပြန်ဆပ်ဖို့ ပြဿနာရှိခဲ့ရင် ဘာလုပ်ရမလဲ။

လူတိုင်း တစ်ကြိမ်မဟုတ်တစ်ကြိမ် ငွေကြေးအခက်အခဲတွေ့နိုင်ပါတယ်။ အဲဒီလိုမျိုး အခက်အခဲကြုံခဲ့ရင် စိတ်အေးအေးထားပြီး ကိုယ့်ကို ငွေချေးထားတဲ့အဖွဲ့အစည်းနဲ့ စကားပြောကြည့်ပါ။ အကောင်းဆုံးကတော့ အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီး အတူတကွ အကြပ်အတည်းကနေ လွတ်မြောက်အောင် လုပ်ဖို့ပါပဲ။ အဲဒီအခြေအနေရောက်မှ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတစ်ခုဟာ ကိုယ်တကယ်ယုံကြည်စိတ်ချရတဲ့မိတ်ဖက် နဲ့ အကြံပေးဖြစ်မှာလား (ဒါမှမဟုတ်) ကိုယ့်ကို သူတို့ရဲ့ဝန်ဆောင်မှုတွေရောင်းဖို့ သက်သက်ပဲလား ဆိုတာကို သိလာရမှာပါ။

ပြဿနာကို ဖြေရှင်းနိုင်ဖို့သော့ချက်က ကိုယ့်ကို ငွေချေးထားတဲ့ အဖွဲ့အစည်းနဲ့ အစည်းအဝေးလုပ်ဖို့ ပြင်ဆင်တာက သင့်အတွက် အကောင်းဆုံးပါ။ အဓိက ကတော့ အစည်းအဝေးမလုပ်ခင် အရေးပါတဲ့မေးခွန်းဖြစ်တဲ့ ဒီငွေရေးကြေးရေး အခက်အခဲကို ကိုယ်ဘယ်လိုကျော်လွှားနိုင်မလဲဆိုတဲ့ မေးခွန်းအတွက် ဖြစ်နိုင်ခြေရှိတဲ့ ဖြေရှင်းနိုင်မယ့် နည်းလမ်းတစ်ခုလောက်နဲ့ အဖြေကို ကြိုတင် စဉ်းစားထားရမယ်။






ချေးငွေ ပြန်ဆပ်ဖို့ဖြစ်နေတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ။

**ချေးငွေ ပြန်ဆပ်ဖို့ဖြစ်နေတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းကြမလဲ။**

**ပထမအဆင့် - အကြောင်းအရင်းများ**

☐ ဘာကြောင့် ဒီအကြပ်အတည်း ဖြစ်ပေါ်စေသလဲ။
☐ ကာလတစ်ခုအတွင်း အခက်အခဲတွေကျော်လွှားနိုင်ဖို့ ဘယ်ခြေလှမ်းတွေက အဓိကကျတဲ့ သော့ချက်ဖြစ်မလဲ။

**ဒုတိယအဆင့် - အကြံပြုချက်များ**

☐ ဘယ်လို အကြံဉာဏ်မျိုး ဘဏ်ကိုပေးမှာလဲ။ (ဥပမာ - အတိုး နဲ့ အရင်းပြန်ဆပ်တာကို တစ်နှစ်ဆိုင်းငံ့ပေးဖို့)

ဖြစ်နိုင်ချေရှိတဲ့ဖြေရှင်းနည်းတွေကို အစီအစဉ်ဆွဲပြီး ကိုယ့်ရဲ့ငွေရေးကြေးရေးအနေအထား ဦးမော့လာအောင်၊ ချေးထားတဲ့ငွေတွေကို ပုံမှန် ပြန်ဆပ်လာနိုင်အောင် လုပ်သင့်ပါတယ်။

ဥပမာ -

| | |
|---|---|
| ရေတိုရေရှည် အကြွေး - | ၁။ ကိုယ့်ရဲ့စုငွေတစ်ချို့တစ်ဝက်ကို အကြွေးဆပ်နေရာမှာ သုံးပါ။<br>၂။ အိမ်သုံးငွေ/လုပ်ငန်းလည်ပတ်ငွေတွေကို လျှော့ချနိုင်ဖို့ ဖြစ်နိုင်ခြေတွေကို လေ့လာဆန်းစစ်ပါ။<br>၃။ အကြွေးမြန်မြန်ကြေအောင် ရောင်းချလို့ရမယ့်ပိုင်ဆိုင်မှုတွေကို ရှာကြည့်ပါ။ |
| အလယ်အလတ်-သက်တမ်း - | ဝင်ငွေတိုးလာနိုင်မယ့်နည်းလမ်းတွေ ရှာဖွေပါ။<br>(ဥပမာ- နောက်ထပ် အလုပ်တစ်ခု ထပ်ရှာတာ) |
| ရေရှည်ပြန်လည်ထူထောင်ရေး - | ပိုင်ဆိုင်မှုတစ်ချို့ကို ရောင်းချပြီး တစ်ခြားပိုင်ဆိုင်မှုတွေကို( ဥပမာ - သယ်ယူပို့ဆောင်ရေးမှာ ကားအစား ဆိုက်ကယ်အစားထိုးတာပဲဖြစ်ဖြစ်)လုပ်ပြီး ငွေပြန်ဆပ်နိုင်မယ့်နည်းလမ်းတွေ ရှာကြည့်သင့်ပါတယ်။ |

**တတိယအဆင့် - အကျိုးသင့်အကြောင်းသင့် ဆွေးနွေးခြင်း**

☐ အထက်က အကြံဉာဏ်များကို အကျိုးသင့်အကြောင်းသင့် ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ စာရွက်စာတမ်းတွေကို သုံးပြီး လုပ်ပါ။ သင့်ရဲ့အကြံဉာဏ်တွေ နဲ့ အကျိုးသင့်အကြောင်းဆွေးနွေးချက်တွေကို ရှင်းရှင်းလင်းလင်းနဲ့ စနစ်တကျတင်ပြပါ။

# ၅။ စုဆောင်းခြင်း နှင့် လုံခြုံစိတ်ချရခြင်း

ငွေစုတယ်ဆိုတာ ရတဲ့ပိုက်ဆံတွေကို မလိုအပ်ပဲသုံးမယ့်အစား ငွေပိုငွေလျှံ (အမြတ်)ကို စုဆောင်းထားတာကို ဆိုလိုတာပါ။ တစ်ချို့လူတွေက ပိုလျှံတဲ့ငွေဟာ နောင်တစ်ချိန်မှာ တန်ဖိုးတက်လာမှာ မဟုတ်ဘူးလို့ သိနေကြတယ်။ ဒါကြောင့် သူတို့က နောင်တစ်ချိန်မှာ တန်ဖိုးတက်လာမယ်လို့ ယုံကြည်ပြီး ရွှေလိုမျိုးတန်ဖိုးရှိတဲ့အရာတွေဝယ်ပြီး ရင်းနှီးမြှုပ်နှံထားတတ်ကြတယ်။ ပြီးတော့ လိုအပ်ရင်လည်း သိပ်အရှုံးမရှိဘဲ လွယ်လွယ်ကူကူနဲ့ ထုတ်ရောင်းလို့ရတယ်။ ဒီကဏ္ဍမှာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ငွေစုခြင်းကို ပြောပြပါမယ်။

ငွေစုခြင်းအားဖြင့် သင့်ငွေကို ပိုပြီးထိထိရောက်ရောက် အကျိုးရှိရှိ ကိုင်တွယ်အသုံးပြုနိုင်မယ့်အလေ့အကျင့်ကို ပျိုးထောင်ပေးရာ ရောက်ပါတယ်။ အရေးပေါ်အသုံးလိုတဲ့အခါမှာလည်း စုထားဆောင်းထားတာရှိတဲ့အတွက် သူများကိုအားကိုးရတာ နည်းသွားတာပေါ့။ ချေးငွေလျှောက်တာ (သို့) ကိုယ်မဖြစ်ချင်ဆုံးအရာဖြစ်တဲ့ အကြွေးနွံထဲနစ်တာတွေအစား ကိုယ်စုထားတဲ့ငွေကို သုံးပြီး ဒီပြဿနာတွေကို ကျော်လွှားနိုင်လိမ့်မယ်။

စုထားတဲ့ငွေကိုသုံးပြီး မိသားစု နဲ့ စီးပွားရေးပိုင်ဆိုင်မှု အခြေအနေ တွေမြင့်မားအောင်လုပ်တဲ့နေရာမှာ အထောက်အပံ့ပေးနိုင်ပါတယ်။ ဥပမာ - မြေတွေထပ်ဝယ်ပြီး လယ်တွေ ပိုစိုက်မှာ၊ ဒီ့ထက်ကောင်းတဲ့ လယ်ယာသုံးပစ္စည်းတွေ ဝယ်နိုင်မယ့်အပြင် မိသားစုအတွက်လည်း အိမ်ဆောက်နိုင်မယ်။

တကယ်လို့ ရင်းနှီးမြှုပ်နှံဖို့အတွက် သတ်သတ်မှတ်မှတ် ပမာဏ တစ်ခုကို စုလို့ရပြီဆိုရင် ကျန်တဲ့လိုအပ်တဲ့ငွေအတွက် ချေးငွေလျှောက်တဲ့နေရာမှာ လွယ်သွားတာပေါ့။



**ဥပမာ -**

အတိုးနှုန်း ၅နှစ်စာအတွက် နှစ်တိုင်း ငွေ ၁၀,၀၀၀ ကျပ်ကို တစ်နှစ် ၈% ရှိတဲ့ အတိုးနှုန်းအတွက် ဖယ်ထားပါ။ အဲဒီပိုက်ဆံကို ငွေစုစာရင်းထဲမှာ ထည့်ထားရင် အတိုးအတွက် ဖယ်ထားတဲ့ငွေကနေ အတိုးတွေ စရဦးမယ်။

| | | |
|---|---|---|
| ပထမနှစ်: ၁၀,၀၀၀ ကျပ် | + အတိုး (၁၀,၀၀၀ x ၀.၀၈=၈၀၀), | အဲဒီတော့ ၁၀,၈၀၀ ကျပ် |
| ဒုတိယနှစ်: ၁၀,၈၀၀ ကျပ် | + အတိုး (၁၀,၈၀၀ x ၀.၀၈=၈၆၄), | အဲဒီတော့ ၁၁,၆၆၄ ကျပ် |
| တတိယနှစ်:၁၁,၆၆၄ ကျပ် | + အတိုး (၁၁,၆၆၄ x ၀.၀၈= ၉၃၃.၁၂), | အဲဒီတော့ ၁၂,၅၉၇.၁၂ ကျပ် |
| စတုတ္ထနှစ်: ၁၂,၅၉၇.၁၂ ကျပ် | + အတိုး (၁၂,၅၉၇.၁၂ x ၀.၀၈= ၁,၀၀၇.၇၇), | အဲဒီတော့ ၁၃,၆၀၄.၈၉ ကျပ် |
| ပဉ္စမနှစ်: ၁၃,၆၀၄.၈၉ ကျပ် | + အတိုး (၁၃,၆၀၄.၈၉ x ၀.၀၈= ၁,၀၈၈.၃၉), | အဲဒီတော့ ၁၄,၆၉၃.၂၈ ကျပ် |

ပိုက်ဆံမစုတဲ့ လူအများစုက ပိုက်ဆံစုနိုင်လောက်အောင်ကို မရှိဘူးလို့ ဆင်ခြေပေးကြလိမ့်မယ်။ အဲဒါလွဲမှားတဲ့အယူအဆပါ။

ကြည့်လိုက်ရင် နည်းနည်းလေးလို့ ထင်ရပေမယ့် အချိန်ကြာလာတာနဲ့အမျှ တိုးပွားလာမှာ အမှန်ပါပဲ။ နောက်ပိုင်းမှာ ကုန်ကျမယ့် စရိတ်စကတွေ နဲ့ အရေးပေါ်အခြေအနေအတွက် ပိုက်ဆံစုမယ်လို့ ဆုံးဖြတ်လိုက်တဲ့လူအများစုက သူတို့လခထဲက ပိုက်ဆံနည်းနည်းလေးကို မပျက်မကွက်စုကြတယ်။ ဒါဆို သင်လည်း စုသင့်တာပေါ့။ တကယ်လို့ သင့်အနေနဲ့ ကိုယ်မျှော်လင့်တာ (အသုံးလိုတာ)ထက် တစ်ခါတစ်လေမှာ ပိုရခဲ့ရင်စုပါ။ (ဥပမာ - ရိတ်သိမ်းတဲ့အချိန်မှာ မျှော်လင့်တာထက်ပိုရတဲ့အခါမျိုး)

**နည်းလမ်းအမျိုးမျိုးနဲ့ စုဆောင်းခြင်း**

မြန်မာပြည်မှာ လူတော်တော်များများက သူတို့ပိုက်ဆံကို မွေးမြူရေးလုပ်ငန်းတွေ (သို့) ရွှေ နဲ့ လက်ဝတ်လက်စားတွေကို ဝယ်ပြီး အိမ်မှာ သိမ်း/ဖွက်ပြီး စုတတ်ကြတယ်။ ဒါပေမယ့် အဲဒါက သူခိုးရန်၊ မီးဘေးစတဲ့ အန္တရာယ်တွေများတယ်။ နည်းအမျိုးမျိုး နဲ့ ငွေစုမယ်ဆိုရင် ကိုယ်စုထားတဲ့ငွေ ဆုံးရှုံးမယ့်အန္တရာယ်က လျော့ပါးအောင် လုပ်လို့ရတယ်။ အဲဒီထဲက နည်းလမ်းတစ်ခုက ဘဏ် (သို့) အလားတူ ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုခုမှာ သင့်ငွေကို စုထားတာမျိုးပေါ့။

**ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးတဲ့သူတွေကို သတိထား ပြီး ရွေးချယ်ပါ။** - ကိုယ့်ပိုက်ဆံကို အပ်တဲ့အခါ အပ်မယ့်အဖွဲ့အစည်းက ဘယ်လောက် စိတ်ချရပြီး တည်ငြိမ်မှု ရှိသလဲ ဆိုတာကို ဂရုတစိုက်လေ့လာပါ။ နောက်ဆုံးတော့ သက်တမ်းကုန်ချိန်မှာ ပေးထားတဲ့ကတိအတိုင်း အတိုးနဲ့ ကိုယ် အပ်ထား တဲ့ပိုက်ဆံပြန်ရဖို့က အရေးကြီးဆုံးပဲ။ အဲဒါတွေအပြင် ငွေစုစာရင်းအမျိုးမျိုးရဲ့ စည်းကမ်းတွေကို ငွေကြေးဆိုင်ရာအဖွဲ့အစည်း တစ်ခု နဲ့ တစ်ခု ယှဉ်ကြည့် သင့်ပါတယ်။ အဲဒီကမှ ကိုယ်အနေနဲ့ တည်နေရာ အရရော၊ ပေးနိုင်တဲ့ဝန်ဆောင်မှုအရရောစတဲ့ အချက် အလက်တွေကို ကြည့်ပြီးမှ ကိုယ်နဲ့ အသင့်တော်ဆုံး ဖြစ်မယ့် အဖွဲ့အစည်းကို ရွေးချယ်သင့်ပါတယ်။


ကျွန်တော် စဉ်းစားတယ်။ ကျနော့်ငွေတွေကို ချေးယတော ဒါမှမဟုတ် မွေးမြူရေးလုပ်ငန်းတွေမှာ အရင်းမြှုပ်လိုက်ရင် ကောင်းမလားပေါ့ဗျာ.. အဲဒါတယ်လိုသဘောရလဲ အကြံလေးဘာလေးပေးပါဦး..
ကောင်းပါတယ်.. ဒါပေမယ့် တစ်ခုရှိတာက ကိုယ့်ရဲ့ငွေတွေအားလုံးကို တစ်ခုထဲမှာပဲ အရင်းမြှုပ် လိုက်ရင်
တော်ကြာ တိရစ္ဆာန်လေးတွေသေတာ ဖြစ်လာခဲ့ရင် ဒါမှမဟုတ် ချေးတွေက အဖိုးခံရရင် ဘယ်လို လုပ်မလဲပေါ့
ကျွန်မဆိုရင် ဘဏ်မှာ စုထားလိုက်တာက ပိုကောင်းတယ်လို့မြင်တယ်။
ဘဏ်မှာ ဘဏ်စာရင်းဖွင့်ပြီး စုထားလိုက်တော့ ကိုယ့်ပိုက်ဆံဖြစ်ပေမယ့် လိုအပ်လို့ ပြန်ထုတ်ချင်တဲ့အချိန်မှာ ထုတ်လို့မရတဲ့အခက်အခဲတွေ ဖြစ်တတ်တော့ ဘယ်လိုလုပ်မလဲ..
မှန်ပါတယ်..ထုတ်ချင်တဲ့အချိန်ပြန်ထုတ်လို့ မရတာက ဘဏ်က ကျွန်မတို့ငွေတွေကို အချိန်ခဏ ယူသုံးပြီး ကျွန်မတို့ကို ဘဏ်အတိုးပြန်ပေးခဲ့တာနဲ့ ဆက်စပ်ပါတယ်..
ကျွန်မတို့ ငွေတွေ ကို ဘဏ်ကနေ ဥပမာ ဆိုင်ခွဲထပ်ဖွင့် ချင်တဲ့သူတွေ၊ လယ်ယာပိုစိုက်ပျိုးချင်တဲ့ လူတွေကိုဘဏ်ချေးငွေဆိုပြီး ပြန်ချေးပေးခဲ့တာပါ
နောက်တစ်ခုရှိတာက ကျွန်မတို့ ငွေကို အရေးပေါ်လိုအပ်တဲ့ အချိန်ပြန်ထုတ်ပြီး သုံးလို့ရအောင် ငွေတစ်ချို့ကိုတော့ ငွေစာရင်းအကောင့်အရှင်ဖွင့်ထားလိုက်ရင်လည်း အဆင်ပြေပါတယ်။
အခုမှပဲ ဘဏ်အကြောင်းကို သဘောပေါက် တော့တယ်

သင်သိပြီးသားဖြစ်တဲ့အတိုင်း ငွေကြေးဆိုင်ရာအဖွဲ့အစည်းတစ်ခုနဲ့ ဘဏ်စာရင်းတစ်ခုဖွင့်ပြီး ငွေပေးချေတာတွေ၊ ငွေလွှဲလက်ခံတာ နဲ့ ငွေစုတာတွေအတွက် သုံးလို့ရပါတယ်။ စာရင်းအမျိုးအစား သုံးမျိုးက အောက်မှာ ဖော်ပြထားတဲ့ လုပ်ဆောင်ချက်တွေမှာ သုံးလို့ရပါတယ်။ -

| အမျိုးအစား | ရည်ရွယ်ချက် | ကနဦး အပ်ငွေ* | အတိုးနှုန်း** |
|---|---|---|---|
| စာရင်းရှင် စာရင်း | ငွေပေးချေမှု လုပ်ခြင်း နဲ့ ငွေလွှဲလက်ခံခြင်း (ဥပမာ - လခတွေ) ဘယ်အချိန်မဆို ထုတ်သုံးနိုင် | ၁,၀၀၀ ကျပ် | တစ်နှစ် ကို ၀% |
| ငွေစု စာရင်း | အချိန်တိုသက်တမ်းတစ်ခုအတွင်း မလိုအပ်တဲ့ပိုက်ဆံကို လုံလုံခြုံခြုံ သိမ်းထားနိုင်ပြီး အတိုးလည်းရ လစဉ်လတိုင်းမှာ လအစရဲ့ လေးရက်အတွင်းမှာ ထုတ်မှ အတိုးအများဆုံးရမယ်။ တစ်လလုံး ထုတ်ချင်ထုတ် သွင်းချင်သွင်းလို့ရပေမယ့် အသွင်း အထုတ်လုပ်တာများရင် လကုန်ပြီး ၄ရက်မြောက်လို့ကိုယ် ငွေထုတ်တဲ့ အခါကျတော့ အတိုးကလျော့နေပါလိမ့်မယ်။ | ၁,၀၀၀ ကျပ် | တစ်နှစ် ကို ၈- ၈.၂၅% |
| စာရင်းသေ အပ်ငွေ စာရင်း | နှစ်ဝက်ကနေ ရေရှည်မလိုသေးတဲ့ပိုက်ဆံကို လုံလုံခြုံခြုံ သိမ်းနိုင်တော့ နောက်ပိုင်းမှာ ကုန်ကျမယ့်စရိတ်ကာမိအောင် စုနိုင်ပြီး အတိုးလည်းရ သတ်မှတ်ထားတဲ့အချိန် ကာလတစ်ခု ပြီးတာနဲ့ ကိုယ့်ပိုက်ဆံကို ထုတ်သုံးလို့ရပါတယ်။ | ၁၀၀,၀၀၀ ကျပ်ကို ပုဂ္ဂလိကဘဏ် တွေက ကောက်ပြီး တစ်ခြား အဖွဲ့အစည်းတွေမှာတော့ ဒီထက်မက နည်းနိုင်ပါတယ်။ | တစ်နှစ် ကို ၈.၂၅ -၁၀% |

သင့်အနေနဲ့ စုငွေစာရင်းကနေ ငွေထုတ်တာ (သို့) ငွေသွင်းတာ တွေ၊ စာရင်းသေအပ်ငွေစာရင်းတွေကို သုံးချင်တိုင်း ထုတ်သုံးလို့မရပါဘူး။ စာချုပ်မှာသဘောတူတာထက်စောပြီး ပိုက်ဆံထုတ်ချင်တယ်ဆိုရင် တစ်ခြားအပိုကုန်ကျစရိတ်တွေ (ဒဏ်ကြေး၊ အတိုးနှုန်းလျှော့ခံရတာ) ကိုယ်တိုင်ခံရမှာဖြစ်ပြီး ဘဏ်ကနေလည်း အဲဒါတွေအတွက် စောစောစီးစီး အကြောင်းကြားပေးတတ်ပါတယ်။

**ကာလတစ်ခုသတ်မှတ်ပြီး စုရတဲ့စာရင်းကို အဲဒီသတ်မှတ်ထားတဲ့ ကာလအတွင်းထုတ်ဖို့မလိုဘူးဆိုတာ သေချာမှ အဲဒီလိုစာရင်းထဲ ပိုက်ဆံထည့်ပါ။**

များသောအားဖြင့် ဘဏ်တွေက အပ်နှံသူတွေကို ပေးတဲ့အတိုးနှုန်းက ငွေကြေးဖောင်းပွမှုနှုန်းထက် မြင့်ပါတယ်။ အဲဒါကလည်း အမြဲတမ်း တော့ မဆိုလိုပါဘူး။

**အပ်ငွေအတိုးနှုန်း နဲ့ ငွေကြေးဖောင်းပွမှု -**
စီးပွားရေးကဏ္ဍမှာ အခြေခံ ကုန်ဈေးနှုန်း နဲ့ ဝန်ဆောင်ခတွေဟာ ဒီအတိုင်းလည်းရှိနေနိုင်သလို အတက်အကျလည်းရှိနိုင်ပါတယ်။ ငွေးကြေးဖောင်းပွမှုက အခြေခံကုန်ဈေးနှုန်း တစ်စတစ်စ တက်လာတာကြောင့် ဖြစ်လာတာပါ။ ဒီတိုးလာတဲ့ရလဒ်ကြောင့် ဝယ်ယူနိုင်စွမ်း လျော့ကျလာပါတယ်။ အရင်တုန်းက သုံးခဲ့တဲ့ငွေပမာဏက အတူတူပါပဲ။ ဒါပေမယ့် ဝန်ဆောင်မှု နဲ့ ကုန်ပစ္စည်းကျတော့ နည်းသွားတယ်။ ငွေကြေးဖောင်းပွမှုနှုန်းဆိုတာ အခု ဖြစ်ပျက်နှုန်းကို ဖြစ်စေတယ်။

**အပ်နှံငွေအတွက် ငွေကြေးဖောင်းပွနှုန်း နဲ့ အတိုးနှုန်းကို နှိုင်းယှဉ်ကြည့်ဖို့ မမေ့ပါနဲ့။**

အရမ်းကြီးကွာဟနေမယ်ဆိုရင် ဘဏ်မှာအပ်ထားတာက သင့်အတွက် ရှုံးလိမ့်မယ်။ ဒါကြောင့် ငွေစုဖို့ တစ်ခြားနည်းလမ်းတွေ ရှာသင့်ပါတယ်။ ဒ့ါအပြင် အပ်နှံငွေအပေါ်မှာ ငွေကြေးဖောင်းပွနှုန်း နဲ့ အတိုးနှုန်းဟာ ကွာခြားပေမယ့် အဲဒီလောက်ကြီးမဟုတ်ရင် ဆုံးရှုံးမှု မရှိနိုင်ပါဘူး။ အဲဒါဆိုရင် ဘဏ်မှာ ပိုက်ဆံကို ဆက်ထားတာက  အဓိပ္ပါယ်ပိုရှိပါတယ်။ ကိုယ့်ပိုက်ဆံ လုံလုံခြုံခြုံရှိဖို့ဆိုတဲ့ အကြောင်းပြချက်အပြင် ငွေကြေးဆိုင်ရာအဖွဲ့အစည်းနဲ့လည်း စပြီး အထိအတွေ့ရှိအောင်ပါ။ ဒါမှ အဖွဲ့အစည်းက ကိုယ့်ကို သိပြီးသား ဆိုတော့ နောက်မှာ တစ်ခြားဝန်ဆောင်မှုတွေ သင့်အတွက် အသုံး လိုလား (သို့) သုံးချင်မလားဆိုပြီး အကြောင်းကြားပေးပါလိမ့်မယ်။



* ဥပမာ - ဘဏ်တစ်ခုနဲ့ တစ်ခု ကနဦးအပ်ငွေသတ်မှတ်တာ ကွာခြားနိုင်ပါတယ်။ ** နှုန်းတွေလည်း ဘဏ်တစ်ခု နဲ့ တစ်ခုကွာနိုင်တယ်ဆိုတာ သတိပြုပါ။

## ၆။ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးတဲ့အဖွဲ့အစည်းတွေကို ဘယ်လိုရွေးမလဲ။

ပထမဆုံး ငွေးကြေးဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ဂုဏ်သတင်းနဲ့အခြေခိုင်မခိုင်ဆိုတာကို ကြည့်ပြီး အခြေခိုင်တဲ့အဖွဲ့အစည်းတွေ နဲ့ လက်တွဲပါ။ အနည်းဆုံး အခြေခိုင်တဲ့အဖွဲ့အစည်းနှစ်ခုလောက်ကို ရွေးပြီး ယှဉ်ကြည့်မှ ဝန်ဆောင်မှုတစ်ခုထဲမှာတင် သူတို့ရဲ့ကွာခြားချက်တွေကို တွေ့ပါလိမ့်မယ်။ အဓိကကတော့ စုငွေ၊ ချေးငွေစတဲ့ ကိုယ်လိုတဲ့ဝန်ဆောင်မှုအားလုံးကို ကိုယ့်အတွက် အဆင်ပြေမယ့် အဖိုးအခနဲ့ရော၊ အရည်အသွေးကောင်းကောင်းနဲ့ပါ ကို ရှာနိုင်ပါ လိမ့်မယ်။ တကယ့်တကယ်တော့ အဲဒါက ပြဿနာ မဟုတ်ပါဘူး။ အဖွဲ့အစည်းတစ်ခုက ဝန်ဆောင်မှုတစ်ခုမှာ ပိုသက်သာပြီး ပိုကောင်းတဲ့ဝန်ဆောင်မှုပေးတဲ့အချိန်မှာ တစ်ခြားအဖွဲ့အစည်းတစ်ခုက တစ်ခြားဝန်ဆောင်မှုတစ်ခုမှာ ပိုကောင်း၊ ပိုသက်သာတာမျိုးဖြစ်တတ်ပါတယ်။

ဒါ့ကြောင့် ကိုယ်ဘာဝန်ဆောင်မှုမျိုး လိုလဲဆိုတာရယ်၊ ဘယ်ဟာက ကိုယ့်အတွက် အရေးကြီးဆုံးလဲဆိုတာ အရင်ဆုံးဆုံးဖြတ်ပါ။

တကယ်လို့ ကိုယ်ယုံရတဲ့အဖွဲ့အစည်းတစ်ခုတည်းက ကိုယ်လက်ခံနိုင်တဲ့ အနေအထားတစ်ခုနဲ့ လိုချင်တာတွေကိုပေးနိုင်တဲ့အပြင် သူတို့အရည်အသွေးကို ကိုယ်က ကျေနပ်တယ်ဆိုရင် သူတို့ကို သုံးကြည့်သင့်ပါတယ်။

အဖွဲ့အစည်းအများကြီးသုံးတာကို ရှောင်ပါ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အတွက် တစ်ခုခုကျန်ခဲ့မှာ ထက်စာရင် ကုန်ကျစရိတ်တွေ များလာမှာပဲ အဖတ်တင်လိမ့်မယ်။ ဥပမာ - သင့်ငွေအားလုံးကို (စာရင်းရှင်စာရင်း (သို့) ငွေစုစာရင်း) အဖွဲ့အစည်းတစ်ခုနဲ့ သုံးပြီး ချေးငွေလျှောက်တဲ့အခါကျတော့ တစ်ခြားအဖွဲ့အစည်းတစ်ခုနဲ့လျှောက်ရင် သူတို့က သင့်ကို (သို့) သင့်ငွေကြေး လည်ပတ်ပုံတွေကို မသိတဲ့အခါကျတော့ အဲဒီလျှောက်လွှာက ပယ်ချခံရပါလိမ့်မယ်။

နောက်တစ်မျက်နှာမှာ သင် တကယ်ဘာလိုအပ်လဲ။ ဘယ်လောက် တတ်နိုင်လဲ။ ပြီးတော့ ငွေအပ်နှံသူတစ်ယောက်အနေနဲ့ တန်ဖိုးဘယ်လောက်ထားတယ်ဆိုတဲ့ အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနေတဲ့ငွေကြေးဆိုင်ရာ အဖွဲ့အစည်းကို ရှာတွေ့စေဖို့ စစ်ဆေးရမယ့်စာရင်း -




ကျွန်မလည်းနောက်လကစပြီး ငွေစုငွေချေး
လုပ်ငန်းတွေဆီကနေ ဒါမှမဟုတ် ဘဏ်ကနေ
ချေးငွေ ယူသုံးမလားလို့ စဉ်းစားနေတာအချိန်ရရင်
စစ်ကြည့်ရမယ့်စာရင်းကို ဘယ်လိုလုပ်တယ်ဆိုတာ
သင်ပေးလို့ရမလား ဒါဆိုကျွန်မလည်း ချေးငွေကို
ရွေးချယ်တဲ့အခါ အထောက်အကူရသွားတာပေါ့
အော် စစ်ကြည့်ရမယ့်
စာရင်းကြောင့်အခုလိုငွေကို
ကောင်းကောင်းစီမံနိုင်တာကိုး

**သင့်ကို ဝန်ဆောင်မှုပေးမယ့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းကို ဘယ်လိုရွေးချယ်မလဲ။**

☐ **သုံးစွဲခွင့်ရခြင်း - ယုံကြည်စိတ်ချရတဲ့ဝန်ဆောင်မှုပေးတဲ့သူကို ရွေးချယ်သင့်ပါတယ်။**

- ကိုယ်တိုင်ကိုယ်ကျ သွားရောက်နိုင် - ငွေကြေးဆိုင်ရာ အဖွဲ့အစည်းက ကိုယ့်အနီးအနားမှာ ရှိတာ (သို့) လွယ်လွယ်ကူကူ သွားလို့ရ (ဥပမာ - အလုပ် သွားတဲ့လမ်းမှာ)
- သတင်းအချက်အလက် လွယ်လွယ်ကူကူ ရနိုင်ခြင်း - သင့်စာရင်းအကြောင်း၊ ဈေးငွေ (ကိုယ်သုံးနေ (သို့) သုံးမယ်)လို့ ရည်ရွယ်ထားတဲ့ အခြားဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သိခွင့်ရှိပါတယ်။ တကယ်လို့များ လိုချင်တဲ့သတင်းအချက်အလက်တွေရဖို့ အကြာကြီးစောင့်ရတာမျိုး (သို့) ရဖို့ခက်ခဲနေတာမျိုးတို့ဆိုရင် အဲဒီဘဏ်ရဲ့စနစ်က သိပ်ရှုပ်ထွေးနေလို့ လို့သိရပါမယ်။

☐ **မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက်ရှိမှု** – ဒီဟာက ဝန်ဆောင်မှုနဲ့ပတ်သက်ပြီး ကျေနပ်ခြင်းဆိုတဲ့ အရေးကြီးဆုံးအချက်နဲ့ ဆက်စပ်နေပါတယ်။ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေရဲ့လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေကြောင့် လုပ်ထုံးလုပ်နည်းတွေ နဲ့ စာရွက်စာတမ်းကိစ္စတွေဟာ ရှောင်လွှဲလို့မရပါဘူး။ ဒီစည်းမျဉ်းစည်းကမ်းတွေကပဲ သင့်ပိုက်ဆံတွေကို ဆုံးရှုံးမှုမရှိအောင် ကာကွယ်ပေးနေတယ်ဆိုတာ မမေ့ပါနဲ့။ တစ်ခြားတစ်ဖက်မှာလည်း ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေအနေနဲ့ သူတို့သုံးစွဲသူတွေအတွက် စာရွက်စာတမ်းကိစ္စတွေကို လျှော့ချပြီး သုံးစွဲသူကို အပြောင်းအလဲတွေကို လိုရင်းတိုရှင်း ရှင်းပြရင်း ကိုယ့်ဖောက်သည်နဲ့ အဆက်အသွယ်မပြတ်အောင်လုပ်ထားလို့ရတယ်။

☐ **ကျွမ်းကျင်မှု၊ ဝန်ဆောင်မှု အရည်အသွေး နဲ့ ဝန်ထမ်းတွေရဲ့ ဖော်ရွေမှု** – အလုပ်ဘယ်လောက်ပဲများများ၊ ဖိအားဘယ်လောက်ပဲများများ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေက အရာရှိတွေဟာ သင်ပြောတဲ့စကားတွေကို နားထောင်ပြီး စိတ်ရှည်ရှည်၊ ဖော်ဖော်ရွေရွေ ယဉ်ယဉ်ကျေးကျေးနဲ့ ဆက်ဆံရပါမယ်။ ကျွမ်းကျင်ဝန်ထမ်းဆိုတာ သင်မေးသမျှမေးခွန်းတွေကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်နဲ့ ဖြေကြားဖို့အဆင်သင့်ဖြစ်နေတဲ့သူတွေပါ။ သူတို့တွေကပဲ သင့်လိုအပ်ချက်နဲ့ ကိုက်ညီမယ့်ဝန်ဆောင်မှုမျိုးတွေကို ပေးနိုင်မှာပါ။

☐ **ဈေးနှုန်း (သို့) ကုန်ကျစရိတ်** – အဓိကပေးရမယ့်အဖိုးအခတွေက ဈေးငွေနဲ့ ဆက်စပ်တဲ့ အတိုးနှုန်းအပါအဝင် အထက်မှာ ဖော်ပြခဲ့တဲ့အဖိုးအခတွေပါ ပါပါတယ်။ **သတိပေးချက်အနေနဲ့ ဝန်ဆောင်မှုပေးတဲ့အဖွဲ့အစည်းကို ရွေးချယ်တဲ့နေရာမှာ ဈေးနှုန်းကပဲ ဆုံးဖြတ်ချက်ချလိုက်ရတဲ့အကြောင်းအရင်းတစ်ရပ် မဖြစ်သင့်ပါဘူး။**


- ဘာဖြစ်လဲဆိုတော့ အမြဲတမ်းလိုလို မမြင်နိုင်တဲ့အခြားကုန်ကျစရိတ်တွေ ရှိနိုင်လို့ပါ။ ပုံမှန်မဟုတ်ဘဲ စုငွေတွေအတွက် အတိုးနှုန်းက မြင့်နေမယ်ဆိုရင် သံသယရှိသင့်ပါတယ်။ ဒါက ဘာကိုပြသလဲဆိုရင် အဲဒီအဖွဲ့အစည်းအနေနဲ့ စုငွေအပ်မယ့်သူတွေကို ဆွဲဆောင်တဲ့နေရာမှာ အခက်အခဲရှိနေပါတယ်။ နောက်တစ်နည်းအားဖြင့် အဖွဲ့အစည်းဟာ အခြေအနေ တည်ငြိမ်မှုမရှိဘူးဆိုတာ ပြပါတယ်။

**ရှုထောင့်အမျိုးမျိုးကနေ လေ့လာကြည့်ပါ။ - အဖွဲ့ အစည်းက လုံခြုံစိတ်ချရတယ်လို့ ယုံကြည်မှု မရှိဘူးဆိုရင်၊ သတင်းအချက်အလက်တွေအားလုံးနဲ့ ပတ်သက်ပြီး နားမလည်ရင် (သို့) လွယ်လွယ်မရရင်၊ သူတို့ပေးတဲ့ဝန်ဆောင်မှုက ကိုယ်နဲ့လိုအပ်ချက် ကိုက်ညီမှုမရှိဘူးလို့ ခံစားရရင် ဒီအဖွဲ့အစည်း နဲ့/သို့ ဝန်ဆောင်မှုတွေကို ဝေဖန်အကြံပေးသင့်ပါတယ်။**

သင်သိထားရမှာက သင်ကငွေကြေးဆိုင်ရာအဖွဲ့ အစည်းတွေကို လိုသလို သူတို့ကလည်း သင့်ကို လိုအပ်တယ်ဆိုတာ စိတ်ထဲမှာ မှတ်ထားပါ။ ဒါကြောင့် သူတို့က သင့်ကို ဖောက်သည် တစ်ယောက်အနေနဲ့ထက် လုပ်ဖော်ကိုင်ဖက်အနေနဲ့ ဆက်ဆံသင့်ပါတယ်။

**သင့်မှာ မေးခွန်းတွေ မေးပြီး လက်ရှိအနေအထားနဲ့ ဝန်ဆောင်မှုတွေအကြောင်း ရှာဖွေခွင့်ရှိပါတယ်။**

ကိုယ်နဲ့ ငွေကြေးဆိုင်ရာအဖွဲ့ အစည်းက နှစ်ဦးနှစ်ဖက် အပြန်အလှန် မိတ်ဆက်ကြတယ်။ ပြီးတော့ နောက်ဆုံး ဆုံးဖြတ်ချက်ချတာနဲ့ သင့်ရဲ့ပြောဆိုဆွေးနွေးပုံဟာ သင့်ကိုဝန်ဆောင်မှုပေးနေတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက အရာရှိတွေ နဲ့ သင့်ကိုယ်တိုင် ချဉ်းကပ်မှုအပေါ်မှာလည်း အများကြီး မူတည်ပါတယ်။ ဒါဟာ ဘာကိုဆိုလိုသလဲဆိုတော့ သင့်ကို ပြင်ဆင်ဖို့ အချက်အလက် လုံလုံလောက်လောက် အသိပေးသင့်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် တစ်ခြားအဖွဲ့ အစည်းတွေက ကမ်းလှမ်းမှုတွေကို ယူပြီး တစ်ခု နဲ့ တစ်ခု ယှဉ်ကြည့်ပါ။ ချေးငွေအတွက် အတိုးနှုန်းနည်း (သို့) အပ်နံ့ငွေအပေါ်မှာ အတိုး ကြီးကြီး ပေးတဲ့အပေါ်မှာပဲ ဖမ်းစားမခံရပါစေနဲ့။ အဲဒီနောက်ကွယ်မှာ ဘာရှိလဲဆိုတာ ရှာကြည့်ပါ။ တစ်ခြားအဖိုးအခတွေ၊ ကော်မရှင်ခတွေ နဲ့ တစ်ခြားဖြစ်နိုင်ခြေရှိတဲ့ကုန်ကျစရိတ်တွေကို စစ်ကြည့်ပါ။ ကျွမ်းကျင်တဲ့အရာရှိဆိုတာ သင့်ကို ပွင့်ပွင့်လင်းလင်း ရိုးရိုးရှင်းရှင်းနဲ့ သင်သိထားသင့်တာ အားလုံးကို ရှင်းပြပေးနိုင်ပါလိမ့်မယ်။




# ကိုယ့်ဘာသာကိုယ်လုပ်ပါ။

ပုံစံစာရွက်ကို သုံးပြီး ကိုယ်ရဲ့ ဝင်ငွေထွက်ငွေစာရင်းတွေကို စလုပ်ပြီး မှန်မှန်ဖြည့်နေပါ။ ဒီမှာ နမူနာပြထားတဲ့ အမျိုးအစားတွေက သင့်ရဲ့ဝင်ငွေ၊ ကုန်ကျစရိတ်တွေနဲ့ ကိုက်ညီမှု မရှိခဲ့ရင် (ဥပမာ - သင့်ဝင်ငွေက လယ်ယာလုပ်ငန်းက ဝင်တာ မဟုတ်ဘဲ ဆိုင်လုပ်ငန်းက ဝင်တာမျိုး) ဗလာအကွက်မှာ သင့်လုပ်ငန်းနဲ့ သင့်တော်မယ့် အမျိုးအမည်ကို သုံးပါ။ ကိုယ်နဲ့ သက်ဆိုင်တဲ့ အကွက်မှာပဲ ဖြည့်ပြီး ကျန်တာတွေကို ချန်ခဲ့ပါ။ တကယ်လို့ မေးစရာ ဘာမဆိုရှိခဲ့ရင် အခန်း၃မှာ ရှင်းပြထားတာကို ပြန်ကြည့်ပါ။

| အမျိုးအစား သုံးစွဲဖို့လျာထားငွေ | တကယ်ကုန်ကျတဲ့ပမာဏ | ကွာခြားချက် |
|---|---|---|
| ဝင်ငွေ | | |
| သင့်ရဲ့အမျိုးသား | | |
| ဆိုင် နဲ့ လယ်ယာမြေ ရိတ်သိမ်းချိန်မှာ ရောင်းရငွေ၊ | | |
| စုစုပေါင်းဝင်ငွေ | | |
| သတ်မှတ်ထားတဲ့အသုံးစရိတ် | | |
| အစားအသောက် | | |
| ငှားရမ်းခ | | |
| ဖုန်း | | |
| ကျောင်းလခ | | |
| အတိုး | | |
| သတ်သတ်မှတ်မှတ် မရှိတဲ့ကုန်ကျစရိတ် | | |
| သယ်ယူပို့ဆောင်ရေးစရိတ် | | |
| ကျန်းမာရေး | | |
| အလုပ်သမားခ | | |
| လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေ (ဥပမာ - ချက်ပြုတ်ရာမှာ ပါဝင်တဲ့ ပစ္စည်းတွေ၊ သောက်စရာတွေ၊ တစ်ရှူး၊ ပိုးသတ်ဆေး၊ မြေသြဇာ၊ ကုန်စုံဆိုင်အတွက် ရောင်းချရမယ့်ပစ္စည်း) | | |
| သုံးချင်လို့သုံးတဲ့ကုန်ကျစရိတ် | | |
| ပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေရေး | | |
| အဝတ်အစား၊ ဖိနပ် | | |
| လက်ဆောင် | | |
| ပရိဘောဂ | | |
| စုစုပေါင်းကုန်ကျစရိတ် | | |
| အသားတင် အမြတ်ငွေ | | |

# အချုပ်ပို - အသေးစားဘဏ်အကြောင်း ထပ်ပြီး လေ့လာကြည့်ရအောင်

မြန်မာနိုင်ငံမှာရှိတဲ့တစ်ချို့ဘဏ်တွေက **အီလက်ထရောနစ်ဘဏ်လုပ်ငန်း** ဝန်ဆောင်မှုတွေကို စပေးနေပါပြီ။ ဒီစနစ်က ဘဏ်ဝန်ဆောင်မှုတွေ (ဥပမာ - ငွေပေးချေမှုလုပ်တာ၊ သင့်ရဲ့ ငွေစာရင်းရှင်းတမ်းကို စစ်ဆေးတာ)ကို ဘဏ်ကို လူကိုယ်တိုင် လာစရာမလိုဘဲ အင်တာနက်ကတစ်ဆင့် လုပ်ခွင့်ရနေပါပြီ။ ဒီဝန်ဆောင်မှုရဲ့ အဓိကအားသာချက်က ဘဏ်ကို အသွားအလာ လုပ်ရတာ၊ တန်းစီစောင့်ရတာတွေ မလုပ်ရတော့လို့ အချိန်ကုန် သက်သာစေပါတယ်။



**ATM**

အကြွေးဝယ် (သို့)  လက်ငင်းငွေချေကဒ်ကိုသုံးပြီး စက်ကနေတစ်ဆင့် သင့်ဘဏ်စာရင်းထဲက ငွေကို ထုတ်ယူလို့ပြီ။ တစ်ချို့အခြေအနေတွေမှာဆိုရင် အေတီအမ်စက်ကနေ ပိုက်ဆံထည့်လို့ရတယ်။

မြန်မာပြည်မှာ ဝန်ဆောင်မှုအသစ်တစ်ခု ဖြစ်တဲ့ **မိုဘိုင်းဘဏ်စနစ်** ဖြစ်တဲ့**မိုဘိုင်းပိုက်ဆံ**ကို အခုတိုးတိုးပြီး သုံးလာနေကြပါပြီ။ ဒီလို ဝန်ဆောင်မှုမျိုးက ပိုက်ဆံလွှဲတာ နဲ့ စာရင်းအကြောင်းတွေကို ဘဏ်သွားစရာမလိုဘဲ မိုဘိုင်းဖုန်းကနေတစ်ဆင့် စုံးစမ်းလို့ရတယ်။ တစ်ခြားဝန်ဆောင်မှုတွေလည်း သုံးခွင့်ပြုပါလိမ့်မယ်။ မိုဘိုင်းဘဏ်စနစ်ဟာ အချိန်ကုန်လူကုန်သက်သာစေပြီး အင်တာနက် သုံးလို့ရနေသမျှ ဘယ်နေရာမှာမဆိုလုပ်လို့ရလို့ သုံးရတာ အရမ်း အဆင်ပြေနိုင်မှာပါ။ အင်တာနက်ဘဏ်စနစ်ကိုသုံးရတဲ့ ရည်ရွယ်ချက်က ကိုယ့်အချက်အလက်တွေ လုံခြုံရေးအတွက်ပါ။ ကိုယ့်ရဲ့ လျှို့ဝှက်နံပါတ်စတဲ့ အချက်အလက်ကို တစ်ခြားတစ်ယောက်ယောက် ကရသွားရင် သင့်အစားသူတို့က ငွေအလွှဲအပြောင်းတွေ လုပ်နိုင်မှာပါ။

ဒါဟာ အန္တရာယ်များပြီး သင့်ငွေတွေလည်း ဆုံးနိုင်ပါတယ်။ ငွေပေးချေမှုလုပ်လို့ရတဲ့ကဒ်တွေကို ငွေသားနေရာမှာ အစားထိုးလာကြပါပြီ။ အဲဒါကြောင့် ဘဏ်ကို ကိုယ်တိုင်သွားပြီး စာရင်းရှင်စာရင်းထဲကငွေကို ထုတ်ရမယ့်အစားကဒ်ကို သုံးပြီး အေတီအမ်စက်မှာ ငွေထုတ် (သို့) ကိုယ်လိုတဲ့အသုံးအဆောင်တွေ ဝယ်ပြီးရင် ကဒ်ဖြတ်တဲ့စက်ပေါ်မှာ ကဒ်နဲ့ဖြတ်ပြီး ရှင်းလို့ရပါတယ်။

ကဒ်တွေကို သင့်ဘဏ် (သို့) အမ်ပီယူက ထုတ်ပေးပါတယ်။ ကဒ်သုံးလို့ရဖို့ဆိုရင် သင်က အဲဒီဘဏ်မှာစာရင်း ရှိမှ သူတို့ရဲ့ပုံမှန်ဖောက်သည် ဖြစ်လာမှာပါ။ လောလောဆယ်တော့ လူတိုင်း ကဒ်သုံးခွင့်မရသေးပါဘူး။ ကဒ်တွေမှာ အကြွေးဝယ်ကဒ်နဲ့ လက်ငင်းငွေချေကဒ်ဆိုပြီး အမျိုးအစား နှစ်မျိုးရှိပါတယ်။



**POS Terminal**

ဆိုင်တွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်စတဲ့နေရာတွေမှာ ကဒ်ဖြတ်စက်တွေ သုံးပါတယ်၊ ဒါကြောင့် ငွေပေးချေမှုတွေကို သင့်ရဲ့ အကြွေးဝယ်ကဒ် (သို့) လက်ငင်းငွေချေကဒ်တွေနဲ့  ရှင်းလို့ရနေပါပြီ။

**လက်ငင်းငွေချေကဒ် -** ကဒ်တန်ဖိုးဟာ  သင့်ငွေစာရင်း (သို့) သင့်အကောင့်ထဲမှာ ပိုက်ဆံဘယ်လောက်ရှိလဲဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။ ကိုယ့်စာရင်းထဲမှာ ပိုက်ဆံဘယ်လောက်ရှိလဲပေါ်မူတည်ပြီး ငွေချေတာအမျိုးမျိုး (ဥပမာ - စူပါမားကတ်မှာ (သို့) စားသောက်ဆိုင်မှာ) ငွေချေတာ (သို့) ကိုယ့်ဘဏ် စာရင်းထဲကနေ ငွေထုတ်တာတွေကို လုပ်လို့ရပါတယ်။ ကြီးမားတဲ့အား သာချက်တစ်ခုကတော့ သွားလေရာနေရာကို ပိုက်ဆံအထပ်လိုက်ကြီး ကိုယ်နဲ့ မကွာ ယူသွားစရာ မလိုတော့ဘူးပေါ့။ ဖြစ်နိုင်ချေရှိတဲ့အားနည်းချက် တစ်ခုကတော့ ကိုယ်တကယ် ဘယ်လောက်ပိုက်ဆံ သုံးလိုက်လဲဆိုတဲ့အပေါ်မှာ ထိန်းချုပ်ဖို့တော့ခက်တယ်။ ဒါကြောင့် သင့်အနေနဲ့ ကိုယ်ဘယ်လောက်သုံးလိုက်တယ် ဆိုတာကို မပြတ်မှတ်သားနေပေါ့ ။

**အကြွေးဝယ်ကဒ် -** လက်ငင်းငွေချေကဒ်သုံးတဲ့ပုံစံနဲ့ ဆင်ပါတယ်။ ဒါအပြင် အကြွေးဝယ်ကဒ်လို့ဆိုတဲ့အတိုင်း ဒီကဒ်နဲ့ ဝယ်ချင်တာဝယ်ပြီး နောက်မှ ပိုက်ဆံ ပြန်ပေးလို့ရတယ်။ ဒါပေမယ့် ဒီကဒ်မျိုးရဲ့အတိုးနှုန်းက အရမ်းမြင့်တယ်ဆိုတာကိုတော့ သင်သိထားသင့်တယ်။ အကြွေးဝယ်ကဒ်ကို သုံးတယ်ဆိုတာ အတိုးနှုန်း မြင့်မြင့်ပေးပြီး ချေးငွေယူတဲ့သဘောပါ။ အလကားသုံးလို့မရပါဘူး။



ဒါကြောင့် အောက်မှာဖော်ပြထားတာတွေကို သတိထားပါ။ -


- အွန်လိုင်းအကောင့်ကို သုံးပြီးတိုင်း အမြဲအကောင့်ထဲက ထွက်ဖို့ သတိရပါ။ (ဒါမှ တစ်ခြားလူတွေက ကိုယ့်အကောင့်နဲ့ ပိုက်ဆံကို သုံးတဲ့ရန်က ကာကွယ်နိုင်မှာပါ။)
- ကိုယ့်ရဲ့လျှို့ဝှက်နံပါတ် (သို့) ဘဏ်ကဒ်သုံးဖို့ ပေးထားတဲ့ ပုဂ္ဂိုလ်ရေးရာနံပါတ်တွေကို ဘယ်သူ့ကိုမှ မပြောပြပါနဲ့။ ကိုယ့်ရဲ့ကဒ် နဲ့ ဘဏ်ကဒ်သုံးဖို့ ပေးထားတဲ့ ပုဂ္ဂိုလ်ရေးရာနံပါတ်တွေကို တစ်နေရာထဲမှာ မထားပါနဲ့။
- ငွေပေးချေဖို့ သုံးတဲ့ကဒ်ကို ငွေသားလို သဘောထားပါ။
- ကိုယ့်ကဒ်ကို တစ်ခြားလူကို ငှားလိုက်တာ၊ ကဒ်ကိုသုံးဖို့ ကဒ်အချက်အလက်တွေပေးလိုက်တာ ဘယ်တော့မှ မလုပ်ပါနဲ့။ (တစ်ယောက်ယောက်အတွက်လိုမယ်ဆိုရင် ကဒ်ကို ငွေပမာဏ တစ်ခု သတ်မှတ်ပြီး နောက်ထပ် တစ်ကဒ် ထပ်မှာနိုင်ပါတယ်။ )
- ကဒ်ကို ရရချင်းလက်မှတ်ထိုးပါ။ သင့်လက်မှတ်မပါတဲ့ကဒ်က တရားဝင်မဖြစ်ပါဘူး။
- စလစ်ပေါ်မှာလက်မှတ်မထိုးခင် ကိုယ်လွှဲတဲ့ငွေပမာဏကို အမြဲပြန်စစ်ပါ။
- ငွေတစ်ခါလွှဲပြီးတိုင်း ကိုယ့်ကဒ်ပြန်ရမရ ပြန်စစ်ပါ။
- ကိုယ့်အကောင့်ထဲမှာရှိတဲ့ငွေစာရင်းကို မှန်မှန်စစ်ပါ။
- ကဒ်ပျောက်သွားပြီးဆိုတာနဲ့ ကဒ်ကိုပိတ်ဖို့ သက်ဆိုင်ရာအဖွဲ့အစည်းကို အမြန်ဆုံးအကြောင်းကြားပါ။

## အချပ်ပို - ဝင်ငွေထွက်ငွေစာရင်း နှင့် ငွေစာရင်းရှင်းတမ်း

အခု နိုင်သန်းထွန်းက သူ့ရဲ့ငွေစာရင်းရှင်းတမ်းကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာ တစ်ချက်ကြည့်ရအောင်။

သူ မနှစ်က ဆန်အိတ်တစ်ရာထုတ်ရောင်းတယ်။ အဲဒီအတွက် အရင်ဆုံး မျိုးစေ့၊ ပိုးသတ်ဆေး၊ မြေဩဇာ နဲ့ အလုပ်သမားခစရိတ်တွေ အရင်အကုန် အကျခံရတယ်။ အဲဒီထဲကမှ တစ်ချို့ကို သူ့ဆီမှာရှိတဲ့ပိုက်ဆံနဲ့ မလောက်လို့ ပိုက်ဆံချေးရတယ်။ ရိတ်သိမ်းချိန်ရာသီရောက်တော့ ဆန်တွေကိုရောင်းရလို့ ပိုက်ဆံရတယ်။

သူ့အစီအစဉ်က ဆန်တွေရောင်းပြီး အကြွေးပြန်ဆပ်မယ်။ အားလုံး အဆင်ပြေရင် နောက်ရာသီချိန်အတွက် မျိုးစေ့ နဲ့ မြေဩဇာ ဝယ်ဖို့ ပိုက်ဆံဖယ်ထားနိုင်မယ်။ ပိုးသတ်ဆေးနည်းနည်းတော့ ကျန်သေးတယ်။ ဩဂုတ်လ ရိတ်သိမ်းချိန်တုန်း မမျှော်လင့်ဘဲ အထွက်ကောင်းလို့ ကိုယ့်အတွက် ဆန်ငါးအိတ်ချန်ထားနိုင်ခဲ့တယ်။


ဘဏ်
ဘဏ်မှ ချေးငွေယူ
မျိုးစေ့
အပင်ပေါက်
မြေဩဇာနှင့် ပိုးသတ်ဆေး
အသီးအနှံများ ရိတ်သိမ်း
ဈေးကွက်တွင် ရောင်းချ
အမြတ်ငွေများတွက်ချက်
ဘဏ်
ဘဏ်ချေးငွေများ အတိုးနဲ့တကွ ပြန်လည်ပေးဆပ်

စီးပွားရေးမှာ သူ့လုပ်ငန်းကို ဖော်ပြဖို့ အထူးနည်းလမ်းတွေနဲ့ လုပ်ငန်း အပြောင်းအလဲကို ခြေရာခံတာကို အချိန်ကာလပေါ်မူတည်ပြီး နည်းအမျိုးမျိုး သုံးကြပါတယ်။ ဒီနေရာမှာ အများဆုံး အသုံးပြုတဲ့ ငွေစာရင်းရှင်းတမ်း သုံးမျိုး ရှိပါတယ်။ ဒီ ငွေကြေးဆိုင်ရာ ဝေါဟာရတစ်ရပ်စီက မတူညီတဲ့ရှုထောင့်တွေနဲ့ ဖော်ပြကြပါတယ်။ -

a) ငွေစာရင်းရှင်းတမ်း

b) အရှုံးအမြတ်ရှင်းတမ်း

c) ငွေကြေးလည်ပတ်မှု

## က) ငွေစာရင်းရှင်းတမ်း

စီးပွားရေးမှာ ငွေစာရင်းရှင်းတမ်းကို သုံးပြီး ပိုင်ဆိုင်မှုနဲ့ အလုပ်လုပ်နိုင်တာကို တန်ဖိုးရှိတဲ့ပိုင်ဆိုင်မှုလို့ ခေါ်တယ်။ အကြွေး ဘယ်လောက်ကျန်တယ် ဆိုတာကိုတော့ ပေးရန်ကျန်ရှိ တာဝန်များ/ချေးငွေများလို့ ခေါ်တယ်။ ဒီပိုင်ဆိုင်မှုတွေနဲ့ ပေးရန်ကျန်ရှိငွေကို ငွေရေးကြေးရေးဆိုင်ရာအသုံး အနှုန်းအနေနဲ့ ဖော်ပြလေ့ရှိတယ်။ စီးပွားရေးမှာ အမျိုး အစားတစ်ခုစီတိုင်းကို တန်ဖိုးခွဲခြားသတ်မှတ်လေ့ရှိတယ်။ အဲဒါကိုတော့ နှစ်တစ်နှစ်ရဲ့ နှစ်ကုန်ကို သတ်မှတ်ပြီး မြန်မာမှာ အဲဒီရက်က မတ်လ ၃၁ရက်နေ့ပါ။ အဖွဲ့အစည်းတွင်းသုံးဖို့ တစ်ခါတစ်လေ စာရင်းရှင်းတမ်းကို တစ်ခုထက် ပိုပြီး ထားလေ့ရှိတယ်။ ဥပမာ - နှစ်ဝက် နဲ့/သို့ ၃လတစ်ကြိမ်လိုမျိုးပေ့ါ။ အဲဒီ ငွေစာရင်းတမ်းတွေကို ယှဉ်ကြည့်ပြီးသုံးသပ်နေတာကြောင့် ရှိတဲ့အရင်းအမြစ်ကို တိုး (သို့) လျှော့သုံးရမလားဆိုတာကို တွေ့နိုင်တယ်။ ပြီးတော့ အကြွေး အတက်အကျကိုလည်း အချိန်ပြောင်းလဲလာတာနဲ့အမျှ မြင်နိုင်တယ်လေ။

နိုင်သန်းထွန်းက မတ်လ ၂၀၁၅မှာ စိုက်ပျိုးခဲ့တယ်လို့ ယူဆရင် တစ်နှစ်မှာ တစ်ကြိမ်ထပ် စိုက်ပြီး နှစ်ကြိမ်ရိတ်သိမ်းပြီး ဆန်အိတ်အချို့ နဲ့ ပိုးသတ်ဆေးအနည်းငယ်ကို သိမ်းထားခဲ့တယ်။ပြီးတော့ သူ့ရဲ့မနှစ်ကစာရင်း နဲ့ ဒီနှစ်စာရင်းကို ဒီလို တွေ့ရလိမ့်မယ်။ နိုင်သန်းထွန်းက လိမ္မော်ရောင်အကွက် လေးတွေနဲ့ မှတ်ချက်လေးတွေလုပ်တော့ သူဘယ်နေရာမှာ ဘာထည့်ပြီး ငွေစာရင်းရှင်းတမ်းမှာ အမျိုးအစားတိုင်းမှာ ဘယ်လို တွက်ချက်တယ်ဆိုတာ သူ့ကို မှတ်မိစေတယ်။

**မတ်လ ၃၁ရက်၊ ၂၀၁၅**

သတိပေးချက် - စုစုပေါင်း ပေးရန် ကျန် ရှိငွေဟာ စုစုပေါင်း ပိုင်ဆိုင်မှုနဲ့ အချိုးညီ သင့်တယ်။

သူများဆီက ချေးထားသ မှျ အားလုံးထည့်

| ပိုင်ဆိုင်မှု | | ပေးရန်ကျန်ရှိငွေ | |
|---|---|---|---|
| • မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေး | ၈၀,၀၀၀ | • ချေးငွေ | |
| • ထွန် | ၈၀၀,၀၀၀ | | |
| • လယ်မြေ | ၂,၅၀၀,၀၀၀ | လက်ကျန်ငွေ | ၅ |
| • အိမ် | ၁,၈၀၀,၀၀၀ | | |
| စုစုပေါင်း ပိုင်ဆိုင်မှု | ၅,၁၈၀,၀၀၀ | စုစုပေါင်း ပေးရန်ကျန်ရှိငွေ | ၅ |

**ပိုက်ဆံတန်ဖိုးက ကျပ်ပါ။**

လက်ကျန်ငွေကို ရဖို့ဖ
ပိုင်ဆိုင်မှုစာရင်းထဲက
ပေးရန်ကျန်ရှိငွေစာရ

| | |
|---|---|
| | ၁၅၀,၀၀၀ |
| | ,၀၃၀,၀၀၀ |
| | ,၁၈၀,၀၀၀ |

တွက်ရာမှာ
င်းကို နှုတ်

မတ်လ ၃၁ရက်၊ ၂၀၁၆

ချေးငွေပြန်ဆပ်ပြီး
သွားပြီဆိုရင် ပေးရန် ကျန်ရှိ
စာရင်းကို ဖျက်နိုင်ပါပြီ။

| ပိုင်ဆိုင်မှု | | ပေးရန်ကျန်ရှိငွေ | |
|---|---|---|---|
| • ငွေသား | ၂၀,၀၀၀ | • ချေးငွေ | ၁၅၀,၀၀၀ |
| • ဆန်ငါးအိတ် | ၁၅၀,၀၀၀ | | |
| • ပိုးသတ်ဆေး | ၂၅,၀၀၀ | | |
| • ထွန် | ၈၀၀,၀၀၀ | လက်ကျန်ငွေ | ၅,၁၄၅,၀၀ |
| • လယ်မြေ | ၂,၅၀၀,၀၀၀ | | |
| • အိမ် | ၁,၈၀၀,၀၀၀ | | |
| စုစုပေါင်း ပိုင်ဆိုင်မှု | ၅,၂၉၅,၀၀၀ | စုစုပေါင်း ပေးရန်ကျန်ရှိငွေ | ၅,၂၉၅,၀၀၀ |

ပိုက်ဆံတန်ဖိုးက ကျပ်ပါ။

ဘာ ဝယ်/ရ အားလုံး ကိုထည့်ပြီး
သုံးလိုက်/ရောင်းလိုက်တာတွေကို ဖျက်လိုက်ပါ။

သင်ပိုင်ဆိုင်သမျှ၊
သုံးလို့ရသမျှ ပိုင်ဆိုင်မှု
အားလုံး ကို ဒီမှာထည့်

ပိုင်ဆိုင်မှုဆိုတာ ကိုယ်သုံးလို့ရတဲ့အရင်းအမြစ်၊ ပေးရန်ကျန်ရှိငွေ များဆိုတာ ဆပ်စရာရှိတာ/တစ်ယောက်ယောက်ဆီက ချေးထားတာပါ။ ရှယ်ယာဆိုတာက ပိုင်ဆိုင်မှု နဲ့ ပေးရန်ကျန်ငွေများနဲ့ မတူပါဘူး။ သင့်ပိုင်ဆိုင်မှုအားလုံး ရောင်းပြီး လက်ကျန်ငွေတွေ ဆပ်ပြီး ကျန်တဲ့ပမာဏက ပိုရင် ကိုယ့်အတွက် (သို့) လိုနေပြီးတော့ ဆပ်စရာကျန်နေသေးတဲ့ပမာဏက အကျိုးခံစားခွင့်ပါ။

ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေဟာ လက်ရှိလုပ်ငန်းရဲ့ ငွေစာရင်းရှင်းတမ်း ကို သုံးပြီး လုပ်ငန်းကို ချေးငွေပေးသင့်မပေးသင့် အကဲဖြတ်တယ်။ ဒီနေရာမှာ ဆပ်ရန်ကျန်ရှိငွေနဲ့ လုပ်ငန်းရဲ့အကျိုးခံစားခွင့်ကပဲ စကားပြောတာမဟုတ်ဘူး။ အမြတ်အစွန်းထွက်ဖို့ ပင်မအကြောင်းအရင်းခံကလည်း ပြောတယ်။

## ခ) အရှုံးအမြတ်ရှင်းတမ်း

ငွေစာရင်းရှင်းတမ်းက အချိန်တစ်ခုအတွင်းမှာ ပိုင်ဆိုင်မှုတွေရဲ့ အလေအလွင့် နဲ့ ကြွေးမြီ အတက်အကျကို ထင်ဟပ်ပြနေသလို အရှုံးအမြတ် ရှင်းတမ်းကလည်း အချိန်အတိုင်းအတာတစ်ခုအတွင်း သင့်လုပ်ငန်းမှာ ဘယ်လောက်ရှုံးပြီး ဘယ်လောက်မြတ်တယ်ဆိုတာ ထင်ဟပ်ပြနေတယ်။ အမြတ်ဆိုတာ စုစုပေါင်းဝင်ငွေထဲက ကုန်ကျစရိတ်ကို နှုတ်ပြီး ကျန်တဲ့ငွေကိုပြောတာပါ။ အဲဒါနဲ့တစ်ဆက်တည်းပဲ အရှုံးဆိုတာ စုစုပေါင်းဝင်ငွေထဲက ကုန်ကျစရိတ်ကို နှုတ်ပြီး လိုနေတဲ့ငွေကို ပြောတာပါ။ အများအားဖြင့် အရှုံးအမြတ်ရှင်းတမ်းက ၁၂လတာကာလ အတွက်ဖြစ်ပြီး ဘဏ္ဍာရေးကာလအစက ဧပြီ ၁ရက်နေ့ နဲ့ အဆုံးက မတ်လ၃၁ရက်နေ့ ဖြစ်ပါတယ်။ ဒါပေမယ့် သင့်လုပ်ငန်းအတွက် ပိုကောင်းမယ်ထင်ရင် (ဥပမာ - အပတ်စဉ် (သို့) သုံးလတစ်ကြိမ်) စတဲ့ တစ်ခြား ကာလအပိုင်းအခြားတစ်ခုကိုလည်း စိတ်ကြိုက်ရွေးချယ်နိုင်ပါတယ်။

နိုင်သန်းထွန်း ရဲ့အခြေအနေကို အရှုံးအမြတ်ရှင်းတမ်းမှာ ဘယ်လိုတွေ့ရမလဲဆိုတာ လေ့လာကြည့်ရအောင်။

| အရှုံးအမြတ်ရှင်းတမ်း | စုစုပေါင်းတစ်နှစ်စာ (ဧပြီ ၂၀၁၅ - မတ် ၂၀၁၆) |
|---|---|
| **စပါးရိတ်သိမ်းချိန်မှာ ရောင်းလို့ရတဲ့ဝင်ငွေ** | **၈၂၅,၀၀၀** |
| သုံးခဲ့တဲ့မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး | ၅၀,၀၀၀ |
| အလုပ်သမားတွေ | ၁၈၀,၀၀၀ |
| **စုစုပေါင်းလုပ်ငန်းလည်ပတ်စရိတ်** | **၂၃၀,၀၀၀** |
| **မိသားစုကုန်ကျစရိတ်မတိုင်ခင် အမြတ်** | **၅၉၅,၀၀၀** |
| အစားအသောက် | ၃၄၅,၀၀၀ |
| ကျန်းမာရေး | ၉၀,၀၀၀ |
| ကျောင်း | ၇၅,၀၀၀ |
| အခြား | |
| **စုစုပေါင်းမိသားစုအတွက် ကုန်ကျစရိတ်** | **၅၁၀,၀၀၀** |
| **နောက်ဆုံးကျန်တဲ့အမြတ်** | **၈၅,၀၀၀** |

အရှုံးအမြတ်ရှင်းတမ်းပေါ်မူတည်ပြီး ဘဏ်ချေးငွေကို ပြန်ဆပ်နိုင်မယ်လို့ ထင်လား။ ဒီမေးခွန်းက နိုင်သန်းထွန်း နဲ့ နိုင်သန်းထွန်းကြွေးရှင်တွေအတွက်ကော အရေးကြီးတဲ့မေးခွန်းပါ။

**ကိုယ်ပြန်မဆပ်နိုင်မယ့် ချေးငွေကို ထုတ်တာက ကိုယ်တင်မက ကိုယ့်မိသားစုပါ ဒုက္ခရောက်ဖို့များတယ်။**

ဒီကိစ္စကို အနီးကပ်လေ့လာကြည့်ရအောင်။ နိုင်သန်းထွန်းက ဩဂုတ်လတုန်းက စပါးအောင်လို့ မနှစ်ကနေအခုထိ စုစုပေါင်း ၈၅,၀၀၀ကျပ် မြတ်တယ်။ တော်လိုက်တာ! ဒါပေမယ့် အဲဒီထဲက ပိုက်ဆံတစ်ချို့က ချေးငွေအတွက် အတိုးပေးဖို့ ကျန်သေးတယ်။ (ဥပမာ - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ချေးငွေအတိုးက ၅ရာခိုင်နှုန်း၊ စီးပွားဖြစ်ဘဏ်တွေကတော့ ၁၃ရာခိုင်နှုန်း ကောက်တယ်။)

အရှုံးအမြတ် ရှင်းတမ်းကို တစ်ချက်ပြန်ကြည့်ရအောင်။ နိုင်သန်းထွန်းက အရင်ရှေ့တစ်နှစ်က ၁၅၀,၀၀၀ ချေးခဲ့တယ်လို့ ကြည့်ရအောင်။ အတိုးနှုန်း ၅% နဲ့ဆိုရင် တစ်နှစ်ကို ၇,၅၀၀ ကျပ် နဲ့ အတိုးနှုန်း ၁၃%ဆိုရင် ၁၉,၅၀၀ ကျပ်ပါ။ သူ့ရဲ့စုစုပေါင်း အမြတ်ငွေက ၈၅,၀၀၀ကျပ်ဆိုတော့ သူ့အနေနဲ့ အတိုးပေးရတာ ဘာမှ မပြောပလောက်ပါဘူး။

ဒါအပြင် တစ်ခြားအရမ်းအရေးကြီးတဲ့မေးခွန်းက သူက အရင်းကို သက်တမ်းစေ့တဲ့အချိန်မှာ ပြန်ဆပ်နိုင်မနိုင်ဆိုတာပါပဲ။ ချေးငွေ သက်တမ်းစေ့တဲ့နေ့ နဲ့ အတိုးပြန်ဆပ်ရမယ့် တစ်ချိန်တည်း ကျရင်တော့ ပြန်ဆပ်နိုင်မှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ ၈၅,၀၀၀ထက် ၁၅၀,၀၀၀က ပိုများတယ်ဆိုတာ ရှင်းနေတာပဲ။

ဒီလိုဆိုတော့ သူ့အတွက် ချေးငွေပြန်ဆပ်လို့ရအောင် ငွေပိုငွေလျှံ ၁၅၀,၀၀၀ ထွက်လာအောင်လုပ်ဖို့ ကြာကြာ ချေးလို့ ရမယ့် ချေးငွေသက်တမ်း လိုပါတယ်။ သူက ဒီကြားထဲ ဘာအရေးပေါ်ကိစ္စမှမရှိဘဲ နှစ်စဉ် ၈၅,၀၀၀ ရနိုင်တယ်ထားဦး ငွေပိုငွေလျှံထွက်ဖို့ ၂နှစ်လောက်တော့ စောင့်ရဦးမှာပဲ။

ဒါပေမယ့်လည်း သတိပေးချက်အနေနဲ့ လက်ရှိ ငွေရေးကြေးရေး အခြေအနေကို ထိခိုက်မှုမရှိဘဲ သင်မရှာနိုင်တဲ့ပိုက်ဆံနဲ့ ဘယ်လိုမှ ပြန်မဆပ်နိုင်ပါဘူး။

**ကိုယ်ကငွေချေးယူမယ်လို့ အစီအစဉ်ရှိခဲ့ရင် ချေးငွေပမာဏ နဲ့ ပြန်ဆပ်ရမယ့် စည်းမျဉ်းစည်းကမ်းက ကိုယ့်အမြတ်နဲ့ အရင် ချိန်ကြည့်ပါ။**

ဒီနေရာမှာ တစ်ခုထက်ပိုပြီးစဉ်းစားရမှာက အမြတ်ဆိုတာ လက်ထဲမှာ လက်ငင်း ပိုက်ဆံရှိနေမှ မဟုတ်ပါဘူး။ နိုင်သန်းထွန်းရဲ့ဇာတ်လမ်းကို ကြည့်လိုက်ရင် သူ့မှာ အမြတ် ၈၅,၀၀၀ ပေမယ့် တကယ်တမ်းသူ့လက်ထဲမှာ ဘယ်လောက်ရှိလို့လဲ။ အဲဒါကိုနားလည်ဖို့ ငွေကြေးလည်ပတ်မှုကို တစ်ချက်ကြည့်ရအောင်။

အမြတ်အစွန်းရနိုင်မှု နှင့် ငွေဖြစ်လွယ်မှု

သတ်မှတ်ထားတဲ့အချိန်ကာလတစ်ကို ကျော်ပြီးရင် သင့်ဝင်ငွေက ကုန်ကျစရိတ်ထက် ပိုများပြီး အမြတ်အစွန်းကျန်နိုင်ပါတယ်။ ( »အရှုံးအမြတ်ရှင်းတမ်း) အမြတ်တော့ ရပါရဲ့ သုံးတော့မသုံးဘူး။ ပြန်ရင်းနှီးမြှုပ်နှံတယ်ဆိုရင် သင့်လက်ကျန်ငွေက အမြတ်ပမာဏပေါ်မှာ တိုးတာ ပြနေသင့်တယ်။ ရှုံးနေရင် သင့်ငွေပမာဏနေရာက လက်ကျန်ငွေမှာ လျော့ပြနေသင့်ပါတယ်။ ( »ငွေစာရင်းရှင်းတမ်း)

| ငွေကြေးလည်ပတ်မှု (ကျပ်) | ဒီဇင်ဘာ ၂၀၁၄ | ဇန်နဝါရီ ၂၀၁၅ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ ၂၀၁၅ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စစချင်း ငွေစာရင်း | ၀ | ၁၂၅,၀၀၀ | ၈၅,၀၀၀ | ၄၂,၅၀၀ | ၀ | ၁၅၀,၀၀၀ | ၈၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၂၆၀,၀၀၀ | ၈၅,၀၀၀ | ၄၅,၀၀၀ | ၂၀,၀၀၀ |
| + ငွေလည်ပတ်မှု (စပါးရိတ်သိမ်းချိန်မှာ ရောင်းရငွေ) | | | | | ၂၂၅,၀၀၀ | | | | ၃၅၀,၀၀၀ | | | | ၀ |
| + ရငွေစာရင်း (ချေးငွေ) | ၁၅၀,၀၀၀ | | | | | | | | | | | | |
| - ထွက်ငွေစာရင်း | | | | | | | | | | | | | |
| စိုက်ပျိုးရေးအတွက် သုံးငွေ | | | | | | | | | ၅၀,၀၀၀ | | | | |
| အလုပ်သမားကြေး | | ၁၅,၀၀၀ | ၃၀,၀၀၀ | ၃၀,၀၀၀ | | ၃၀,၀၀၀ | ၁၅,၀၀၀ | ၁၅,၀၀၀ | | ၃၀,၀၀၀ | ၁၅,၀၀၀ | | |
| ကလေးတွေ ကျောင်းလခ | | | | | ၄၅,၀၀၀ | | | | | ၄၅,၀၀၀ | | | |
| ကျန်းမာရေး အရေးပေါ်ငွေ | | | | | | | | | | ၇၅,၀၀၀ | | | |
| အစားအစာ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၁၂,၅၀၀ | ၁၂,၅၀၀ | ၃၀,၀၀၀ | ၃၅,၀၀၀ | ၃၅,၀၀၀ | ၂၀,၀၀၀ | ၄၀,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၅,၀၀၀ | ၂၀,၀၀၀ |
| = နောက်ဆုံးစုစုပေါင်းငွေစာရင်း | ၁၂၅,၀၀၀ | ၈၅,၀၀၀ | ၄၂,၅၀၀ | ၀ | ၁၅၀,၀၀၀ | ၈၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၂၆၀,၀၀၀ | ၈၅,၀၀၀ | ၄၅,၀၀၀ | ၂၀,၀၀၀ | ၀ |

### ဂ) ငွေကြေးလည်ပတ်မှု

အရှုံးအမြတ်ရှင်းတမ်းက သင့်ရဲ့အမြတ်ကို ပြသလို၊ ငွေကြေးလည်ပတ်မှုကလည်း ငွေဖြစ်လွယ်မှုကိုပြတာ (သို့) အချိန်ကာလတစ်ခုမှာ ငွေကြေးပြောင်းလဲမှုတစ်ခုကို ပြတယ်လို့ ပြောင်းပြောရအောင်။ အဲဒီရလဒ်ကတော့ ငွေဘယ်လောက်ရှိတာ (သို့) လုံးလုံးမရှိတာမျိုးတွေက ဖြစ်နေကျ အချိန်ကာလတစ်ခုမှာ ဖြစ်တတ်ပါတယ်။ သင့်ငွေကြေးလည်ပတ်မှုကလည်း သင့်ဝင်ငွေဘယ်လောက်ကို (ဥပမာ - တစ်ပတ်၊ တစ်လ၊ တစ်နှစ်မှာ) သုံးလိုက်လဲဆိုတာ ထင်ဟပ်ပြတယ်။

အရင်ဥပမာလေးဆီပဲ ပြန်သွားကြရအောင်။ ဘဏ်က နိုင်သန်းထွန်းကို သူ ၂၀၁၅၊ မတ်လတုန်းက လျှောက်ခဲ့တဲ့ချေးငွေကို ဒီဇင်ဘာ ၃၁ရက်နေ့၊ ၂၀၁၅ ပြန်ပေးစေချင်တယ်ဆိုပါစို့။ အမြတ်အစွန်းအရဆိုရင် ကျွန်ုပ်တို့ သိထားပြီးတဲ့အတိုင်း သူဘယ်လိုမှ လုံလောက်တဲ့အမြတ်ရပြီး ပြန်ဆပ်နိုင်မှာမဟုတ်ဘူး။ အနည်းဆုံး သူ့မှာပိုက်ဆံရှိပြီး ချေးငွေကို အချိန်မီ ပြန်ဆပ်နိုင်မနိုင် သိရအောင် သူ့ရဲ့ငွေကြေးလည်ပတ်မှုကို အချိန်ကာလတစ်ခု ထားပြီး ကြည့်ကြည့်ရအောင်။ -

နိုင်သန်းထွန်းရဲ့ ငွေကြေးလည်ပတ်မှု ကာလတစ်ခုမှာ ချေးငွေပြန်ဆပ်ဖို့ သူ့စီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ် ထိခိုက်တာဖြစ်ပြီး အလုပ်သမားခ မပေးတာ (သို့) တစ်ခြားက ချေးငွေကို မြန်မြန် ထုတ်ယူလိုက်တာတောင် ငွေသားမရှိတာကို ပြတယ်။ -

၂၀၁၅ ဒီဇင်ဘာတုန်းကဆိုရင် သူ့မှာမိသားစုကို ကျွေးဖို့တောင် အနိုင်နိုင်။ သင်ကတော့ အရင်ကကော ဘယ်လိုလဲလို့ တွေးနေမိလိမ့်မယ်။ ဧပြီ နဲ့ ဩဂုတ်လတုန်းကတော့ သူ့မှာ ငွေတော်တော်ရှိမယ့်ပုံပဲ။ တကယ်တမ်းသေသေချာချာ ကြည့်ကြည့်လို့ကတော့ သူသာ အဲဒီငွေတွေနဲ့ ချေးငွေပြန်ဆပ်ခဲ့ရင် စီးပွားရေး နဲ့ မိသားစုအသုံးစရိတ်တွေမှာ ချက်ချင်း အကြီးအကျယ် ပြဿနာတက်မှာ။ လုပ်ငန်းကို လျှော့ချပြီး ဝင်ငွေနည်းသွားတာ (သို့) ချေးငွေအသစ်ကို တစ်ခြားနေရာက ချက်ချင်းယူတာမျိုးပေါ့။ အဲဒါမှ ပိုပြီး ဒုက္ခရောက်မှာ။

သတိရပါ - ချေးငွေ ငွေသားနဲ့ပြန်ဆပ်တယ်ဆိုတာ တစ်ကဏ္ဍ။ သင် ကိုယ်တိုင် လည်း ပိုင်ဆိုင်မှုကို လျှော့ချစရာမလို အမြတ်အစွန်း ထွက်အောင်လုပ်ပြီး ချေးငွေ ပြန်ဆပ်ဖို့လိုပါတယ်။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ကြွေးနွံနစ်ပြီး သင်ကော၊ သင့် မိသားစုပါ အရင်ကထက် ဝင်ငွေလျော့တာ (သို့) ဝင်ငွေလုံးဝမရှိတော့တာမျိုးတွေတောင်ဖြစ် လာနိုင်ပါတယ်။

**အောက်ကအချက်တွေကိုလည်း ထည့်သွင်းစဉ်းစားပါ။ -**

ကိုယ့်ရဲ့ငွေကြေးလည်ပတ်မှု နဲ့ အမြတ်က ချေးငွေပြန်ဆပ်တဲ့ စည်းမျဉ်းစည်းကမ်းကို လိုက်နာနိုင်မှ ချေးငွေပမာဏကို လက်ခံမယ်။

ဖြစ်နိုင်မယ်ဆိုရင် သင့်ငွေကြေးလည်ပတ်မှုနဲ့ လိုက်လျောညီထွေဖြစ်မယ့်ချေးငွေ ပြန်ဆပ်မယ့် အစီအစဉ်ကို ရွေးချယ်ပါ။ ကိုယ့်ငွေကြေးလည်ပတ်မှုက အရင်းကိုဆပ်နိုင်တဲ့ ငွေပိုငွေလျှံကို ပြရင် ကိုယ့်အမြတ်ထဲက အရင်းကို ပြန်ဆပ်နိုင်မယ်။

ချေးငွေသက်တမ်း နဲ့ ချေးငွေပြန်ဆပ်မယ့် အစီအစဉ်ကို ရွေးချယ်ခွင့်မရှိဘူးလို့ ပြဌာန်းထားပြီး ညှိလို့မရဘူးဆိုရင် ချေးငွေသက်တမ်း ထပ်တိုးပြီး အတိုးကို အချိန်မှန်မှန်နဲ့ အပြည့်အဝပြန်ဆပ်မယ်ဆိုတဲ့အခွင့်အလမ်းကို ရှာကြည့်ပါ။ ကိုယ်ကိုယ်တိုင်လည်း ကိုယ့်ရဲ့ ဝင်ငွေထွက်ငွေစာရင်းမှာ ပိုက်ဆံကို သေချာစုထားသင့်တယ်။ ဒါမှ အရင်းကို ယုတ္တိကျတဲ့အချိန်အတောအတွင်း ပြန်ဆပ်နိုင်မှာပါ။ ဒါပေမယ့် - သင်ကိုယ်တိုင်လည်း မသေချာတဲ့အရာတွေဖြစ်တဲ့ ဘယ်လောက်ကြာကြာ ချေးငွေသက်တမ်းတိုးမှာကိုလည်း သေချာအောင် လုပ်ထားရမယ်။ ဒါကလည်း သင့်အတွက်အန္တရာယ်ပဲ! ဒါက ရေရှည်မှာလည်း ကိုယ်က ပြန်မဆပ်နိုင်တာကြာလေ၊ အတိုးတက်လေဖြစ်တဲ့အတွက်  ကုန်ကျစရိတ် တက်လာ မှာလည်း အသေအချာပဲ။

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန နှင့် အသက်မွေးဝမ်းကျောင်းမှုနှင့်
စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT)တို့ ပူးပေါင်းထုတ်ဝေခြင်း ဖြစ်ပါသည်။
အကြောင်းအရာ၊ အပြင်အဆင် နှင့် ပုံနှိပ်ရန်ပြင်ဆင်ပေးခြင်းတို့ကို IPC GmbHမှ ဆောင်ရွက်ပါသည်။
© ၂၀၁၆ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန